# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၅၇) ၊ ၁၃၈၆ ခုနှစ် ၊ ပြာသိုလပြည့်ကျော် ၁၂ ရက် ၊ ၂၅-၁-၂၀၂၅ ၊ စနေနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ဘုရား အစရှိသော ပညာရှိတို့သည် ဈာန်တရားကို လေ့လာပွားများကြ၍ ကိလေသာငြိမ်းရာ နိဗ္ဗာန်အာရုံ၌ မွေ့လျော်ကုန်၏။ သတိရှိတော်မူကြ၍ သစ္စာလေးပါး တရားကို ကောင်းစွာ သိတော်မူကုန်သော ထိုဘုရား အစရှိသည့် သူတော်ကောင်းတို့ကို နတ်တို့သည်လည်း ချစ်မြတ်နိုးကုန်၏။ (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၉)ကြိမ်မြောက် မြန်မာ-လာအို နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေး တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင် သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၁ ရက်မှ ၂၃ ရက် အထိ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပသည့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ပြည်ထဲရေးဝန်ကြီးဌာနနှင့် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနတို့၏ (၉) ကြိမ်မြောက် ဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထဲရေးဝန်ကြီးဌာန နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီး ဌာနတို့အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ဇန်န ဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ခဲ့ပြီး မွန်းလွဲပိုင်းတွင် (၉)ကြိမ်မြောက် ဝန်ကြီးအဆင့်အစည်းအဝေးကို ဗီယင်ကျန်းမြို့ရှိ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သည့် အရာရှိကြီးများနှင့် လာအိုနိုင်ငံ ဒုတိယ ဝန်ကြီးချုပ် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြီး Vilay LAKHAMPONG (ဗီလေး လက်ခမ်ဖုန်)ဦးဆောင်သည့် အရာရှိ ကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာ-လာအို နှစ်နိုင်ငံအကြား လုံခြုံရေး နှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင် ရွက်မှုတိုးမြှင့်ရေး၊ ဆက်သွယ်ရေးစနစ်အသုံးပြုလိမ်လည်မှု၊ ဆိုက် ဘာရာဇဝတ်မှု၊ နယ်စပ်ဖြတ်ကျော်လောင်းကစားမှု၊ မူးယစ်ဆေးဝါး မှုနှင့် လူကုန်ကူးမှုကဲ့သို့သော နိုင်ငံဖြတ်ကျော်မှုခင်းများအား ပူးပေါင်း တိုက်ဖျက်ရေး၊ တရားခံပြေးများ ဖမ်းဆီးရေးဆိုင်ရာ ကိစ္စရပ်များ တွင် ပူးပေါင်းကူညီဆောင်ရွက်ပေးရေး၊ နှစ်နိုင်ငံ နယ်စပ်ဆက်ဆံ ရေးရုံးများ (BLOs)အကြား ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသများမှတစ်ဆင့် လူနှင့်ကုန်ပစ္စည်းများ တရားမဝင် ဝင်၊ ထွက်သွားလာမှုမရှိစေရေးအတွက် သက်ဆိုင်ရာ ပြည်တွင်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ နှစ်ဖက်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား ရာဇဝတ်မှုကျူးလွန်ပြီး ဝရမ်းပြေးများအဖြစ် ကြေညာ ထားသည့် အကြမ်းဖက်အဖွဲ့အစည်းများ၊ အဖွဲ့ဝင်များကို ရှာဖွေ ဖော်ထုတ်ဖမ်းဆီးလွှဲပြောင်းပေးရေးနှင့် တားဆီးထိန်းချုပ်ရေး၊ နှစ် နိုင်ငံ သက်ဆိုင်ရာ ဝန်ကြီးဌာနနှစ်ခုအကြား အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်ဖလှယ်၍ နိုင်ငံဖြတ်ကျော်မှုခင်းများအား တားဆီးနှိမ်နင်းနိုင်ရန် ဆက်သွယ်ဆက်ဆံရေးစနစ်တစ်ရပ်ထားရှိရေး တို့ကို ချစ်ကြည်ရင်းနှီးစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြီး Vilay LAKHAMPONG (ဗီလေး လက်ခမ်ဖုန်)တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

အစည်းအဝေးအပြီးတွင် ညှိနှိုင်းဆွေးနွေးခဲ့သည့် အချက်များ အား ထိရောက်အကျိုးရှိစွာ ဆက်လက်ပူးပေါင်းအကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန် အစည်းအဝေးမှတ်တမ်းကို နှစ်နိုင်ငံ ဝန်ကြီး များက လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။

ညနေပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြီး Vilay LAKHAMPONG (ဗီလေး လက်ခမ်ဖုန်)တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက် ကြသည်။

ထို့ပြင် ခရီးစဉ်အတွင်း မြန်မာ-လာအို နှစ်နိုင်ငံအကြား လုံခြုံ ရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ် နိုင်ငံအကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့ပြီး မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၃ ရက် တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြကြောင်း သိရသည်။

**သတင်းစဉ်**

**အများအားဖြင့် သာယာမည်**

**နေပြည်တော် ဇန်နဝါရီ ၂၄**

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့်သာယာမည်။ **မိုး/ဇလ**

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက် ၊ စနေနေ့ ။

မန္တလေး နေ့စဉ်

## လေပြင်းဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး၊ ပြည်နယ် ၁၄ ခုတွင် နေအိမ်ပေါင်း ၇၅၀၀၀ ကျော်ကို ရန်ပုံငွေကျပ် ၂ ဒသမ ၇ ဘီလီယံကျော်ကျခံသုံးစွဲ၍ အားဖြည့်မွမ်းမံခြင်းများ ဆောင်ရွက်ခဲ့သည်။

မကြာမီတွင် ဆောင်းအကုန်နွေအကူးကာလကို ရောက်ရှိမည်ဖြစ်သည့်အတွက် နွေဦးရာသီအစနှင့် မုတ်သုံအဝင်ကာလများတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်စီးလက်ခြင်းများ ဖြစ်ပေါ်လေ့ရှိပြီး လေပြင်းဘေးကြောင့် ထိခိုက်ပျက်စီးမှုသည် အများဆုံးဖြစ်သည်ကို တွေ့ရှိရကြောင်း၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့်လည်း လေတိုက်နှုန်းပေါ်မူတည်ပြီး လေပြင်းတိုက်ခတ်နိုင်မှုများ၊ မုန်တိုင်းဖြစ်ပေါ်နိုင်မှုများကို အဆင့်များသတ်မှတ်အသိပေးလျက်ရှိကြောင်း၊ လေပြင်းတိုက်ခတ်မှုများကြောင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ တိုင်းဒေသကြီး၊ ပြည်နယ် ၁၅ခုတွင် နေအိမ်ပေါင်း ၂၃၇၀၀၀ ကျော် ထိခိုက်ပျက်စီးခဲ့ကြောင်း၊ အဆိုပါထိခိုက်ပျက်စီးမှုများ လျော့နည်းစေရန်အတွက် လေပြင်းဘေးဖြစ်ပွားမှုများပြားခဲ့သည့် ဒေသများကိုရွေးချယ်ပြီး လေပြင်းဒဏ် ပိုမိုခံနိုင်ရည်ရှိသည့် အိုးအိမ်များဖြစ်စေရေး အားဖြည့်၊ မွမ်းမံ၊ ပြင်ဆင်ခြင်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကစတင်၍ နှစ်စဉ်ဆောင်ရွက်ခဲ့ရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အထိ တိုင်းဒေသကြီး၊ ပြည်နယ် ၁၄ ခုတွင် နေအိမ်ပေါင်း ၇၅၀၀၀ ကျော်ကို ငွေကျပ် ၂ ဒသမ ၇ ဘီလီယံကျော်ကျခံ၍ အားဖြည့်၊ မွမ်းမံဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုသို့ နေအိမ်များ အားဖြည့်၊ မွမ်းမံ၊ ပြင်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်ခြင်းနှင့်အတူ လေပြင်းဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကိုပါ တစ်ပါတည်း ထည့်သွင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် လေပြင်းဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းစီမံချက်စတင်ခြင်း အခမ်းအနား၌ ပြောကြားခဲ့သည်။

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၂၅ ခုနှစ်တွင် ဆောင်ရွက်မည့် လေပြင်းဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းစီမံချက်ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရောဝတီတိုင်းဒေသကြီးဦးစီးမှူးများက မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ငွေးဇီးကျေးရွာ၌ လေပြင်းဒဏ်ခံနိုင်ရည် အားနည်းသည့်နေအိမ်များမွမ်းမံခြင်း လက်တွေ့ဆောင်ရွက်နေမှု၊ ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၊ တောင်ရပ်ကွက်၌ လေပြင်းဘေးကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်နေမှုနှင့် လက်ကမ်းစာစောင်များဖြန့်ဝေနေမှု၊ ရောဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် ကန်စုကျေးရွာ၌ လေပြင်းဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲ ဆောင်ရွက်နေမှုနှင့် နေအိမ်ကြံ့ခိုင်ရေးဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

လေပြင်းဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းစီမံချက် အနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင်လည်း ယခင်နှစ်များနည်းတူ တိုင်းဒေသကြီး၊ ပြည်နယ်ခုနစ်ခုတွင် နေအိမ်ပေါင်း ၁၁၀၂၀ လုံးကို ရန်ပုံငွေကျပ် ၇၅၂ ဒသမ ၄၀၀ သန်းဖြင့် အားဖြည့်မွမ်းမံမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာ၌ SMART Village စီမံကိန်းဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



**မိုင်းယန်း ဇန်နဝါရီ ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ခုဘဏ္ဍာရေးနှစ်တွင် ခေတ်မီစံပြကျေးရွာထူထောင်ရေးလုပ်ငန်း (Smart Village) စီမံကိန်းခွင့်ပြုရန်ပုံငွေဖြင့် မိုင်းလွေကျေးရွာ၌ ရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ကျေးရွာစာကြည့်တိုက်ရှေ့ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးကျော်သန့်ဇင်၊ ဒုတိယညွှန်ကြားရေးမှူးနည်းပညာမိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးရန်ကျော်နှင့် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့်ခရိုင်၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာများ၊ ကျေးရွာကော်မတီဝင်များနှင့်အတူ ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ကျေးရွာစာကြည့်တိုက်ရှေ့ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သန့်ဇင်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးနိုင်ရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

မိုင်းလွေကျေးရွာတွင် ရွာတွင်း လမ်းကွန်ကရစ်လမ်းခင်းခြင်း အရှည် ပေ ၃၀၊ အကျယ် ၂၆ပေ၊ အမြင့်၆လက်မ ထုခင်းခြင်းနှင့်ကျေးရွာစာကြည့်တိုက်ရှေ့ ကွန်ကရစ်လမ်းခင်းခြင်း အရှည် ၂၆ပေ၊ အကျယ် ၁၂ပေ၊ အမြင့် ၆ လက်မခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ခေတ်မီစံပြကျေးရွာထူထောင်ရေးလုပ်ငန်း(Smart Village) စီမံကိန်းခွင့်ပြုရန်ပုံငွေကျပ် ၄သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများက နိုဝင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (ဝ၄ဝ)**

## သမဝါယမကောလိပ် (မန္တလေး)တွင် မူးယစ်ဆေးဝါး အန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် စကားဝိုင်းကျင်းပ



**မန္တလေး ဇန်နဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်ရှိ သမဝါယမကောလိပ်(မန္တလေး)တွင် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြောပွဲနှင့် စကားဝိုင်းကျင်းပခြင်းကို ဇန်နဝါရီ ၂၄ရက် မွန်းလွဲ ၁ နာရီက အဆိုပါကောလိပ်ရှိ ရန်ကင်းခန်းမ၌ ကျင်းပရာ သမဝါယမကောလိပ်(မန္တလေး) ကျောင်းအုပ်ကြီး ဒေါက်တာတင်မူအေး၊ ဒုတိယကျောင်းအုပ်ကြီး ဦးတင်မြင့်၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မန္တလေးတိုင်းဒေသကြီး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ အမှတ်(၁၇) မူးယစ်တပ်ဖွဲ့စု၊ ရဲမှူးငွေးလွင် ဦးစီးအဖွဲ့တို့ တက်ရောက်ခဲ့သည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ အမှတ်(၁၇) မူးယစ်တပ်ဖွဲ့စု၊ ရဲမှူးငွေးလွင်က မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောရာတွင် မူးယစ်ဆေးဝါးများအကြောင်း၊ မူးယစ်ဆေးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာမည့် ဆိုးကျိုးများ၊ မူးယစ်ဥပဒေများအကြောင်းနှင့် မူးယစ်ဆေးဝါးအန္တရာယ်ကို ကာကွယ်နိုင်ရန် အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုကြောင်း ဟောပြောခဲ့ပြီး တပ်ဖွဲ့ဝင်များက လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ဆက်လက်၍ သမဝါယမကောလိပ်(မန္တလေး) ကျောင်းသား၊ ကျောင်းသူအဖွဲ့(၃)ဖွဲ့မှ ကျန်းမာရေးနှင့် မူးယစ်ဆေး၊ အပေါင်းအသင်းနှင့် မူးယစ်အန္တရာယ်၊ မူးယစ်ဆေး၏ ဆိုးကျိုးများ ခေါင်းစဉ်များဖြင့် စကားဝိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**စာနည်ကိုကို**

ဝ-ဝ-ဝ-ဝ-ဝ

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်

**အောင်လံ ဇန်နဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၌ မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ပြည်သူများ မီးပေါ်ဆမှုမရှိစေရေး ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီးဖြစ်သောကြောင့် ပြည်သူများ မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် ရည်ရွယ်၍ အသိပေးနှိုးဆော်ခြင်းကို ယမန်နေ့ ညနေ ၅ နာရီက အောင်လံမြို့၊ မြို့ပေါ်ရပ်ကွက်များဖြစ်သော တရော်ကုန်းရပ်ကွက်၊ ဇေယျဝတီရပ်ကွက်၊ ဈေးကုန်းရပ်ကွက်၊ မန်ကျီးကုန်းရပ်ကွက်များတွင် အသိပေးနှိုးဆော်ခဲ့ကြသည်။

ထိုသို့ အသိပေးနှိုးဆော်ရာတွင် ပူပြင်းခြောက်သွေ့သောနွေရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် မီးကို အထူးဂရုပြုသုံးစွဲရေး၊ သတ်မှတ်ထားသည့် မီးသုံးစွဲချိန်အတိုင်း အသုံးပြုရေး၊ နေအိမ်အတွင်း၊ အပြင် အမှိုက်များ ရှင်းလင်းရေး၊ မီးလောင်လွယ်သည့် စက်သုံးဆီ၊ လောင်စာဆီများ သိုလှောင်ထားခြင်း မပြုရ၊ လျှပ်စစ်ဝိုင်ယာကြိုးများအား လဲလှယ်အသုံးပြုရေး၊ သဲအိတ်၊ မီးချိတ်၊ မီးကပ်နှင့် မီးသတ်ဆေးဘူးများ ထားရှိရေးနှင့် ပြည်သူများ မီးပေါ့ဆမှုမရှိရေးတို့ကို အောင်လံမြို့နယ် မီးသတ်ဦးစီးဌာနမှ လှည့်လည်အသိပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊ ၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေးပွဲ ဆက်လက်ကျင်းပ



နေပြည်တော် ဇန်နဝါရီ ၂၄

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ ဒုတိယနေ့တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ ဆက်လက်ကျင်းပပြုလုပ်သည်။** (ယာပုံ)

တွေ့ဆုံဆွေးနွေးပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ ခေါင်းဆောင် ပြည်သူ့ပါတီဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် အလုပ်အဖွဲ့ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

တွေ့ဆုံဆွေးနွေးပွဲတွင် တက်ရောက်လာကြသူများက ပထမနေ့ဆွေးနွေးပွဲ၌ မပြီးပြတ်သေးသည့် နှစ်ဖက်အဆိုပြုချက်များကို



ဆက်လက်ဆွေးနွေး ညှိနှိုင်းကြပြီး နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ ပြင်ဆင်ဖွဲ့စည်းမည့် ကိစ္စအား နိုင်ငံရေးပါတီများ အစုအဖွဲ့ဘက်မှ ရှင်းလင်းတင်ပြသည်။

**အပြန်အလှန်ဆွေးနွေး**

ဆက်လက်၍ အထွေထွေဆွေးနွေးခြင်းကဏ္ဍ၌ နိုင်ငံရေးပါတီကိုယ်စားလှယ်များက ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာမှုရရှိရန် လုပ်ဆောင်သင့်သော အစီအမံများအား အကြံပြုဆွေးနွေးခြင်းကိစ္စရပ်များ၊ ပြည်သူများ၏ လိုအပ်ချက်များကို ဥပဒေကြောင်းအရ ဖြည့်ဆည်းပေးနိုင်ရေး ကိစ္စရပ်များ၊ လက်ရှိနိုင်ငံရေး အခင်းအကျင်းနှင့် အစိုးရနှင့်ပြည်သူ လက်တွဲ၍ ကျော်လွှားနိုင်ရေးကိစ္စရပ်များ၊ နိုင်ငံရေးဝါဒမှိုင်းများကြောင့် ဖြစ်ပေါ်လာသော PDF များကို နိုင်ငံတော်ရင်ခွင်သို့ ပြန်လည်ဝင်ရောက်မှု များပြားလာစေရေး အကြံပြုတင်ပြခြင်းကိစ္စရပ်များ၊ ပြည်သူ့စစ်မှုထမ်းဥပဒေအရ အရေအတွက်တိုးမြှင့်ခေါ်ယူရေး အကြံပြုချက်များအား ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများက မိမိတို့၏သဘောထားများကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ၂ ရက်တာ တွေ့ဆုံဆွေးနွေး ညှိနှိုင်းချက်များအရ အပြီးသတ်ရရှိသည့် သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးခြင်းနှင့် ဆက်လက်ဆွေးနွေးရန် လိုအပ်သည့် နှစ်ဖက်အဆိုပြုချက်များ၊ နှစ်ဖက်ညှိနှိုင်းရရှိသည့် သဘောထားများကို သဘောထားစုစည်းချက်အဖြစ် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**လက်ဆောင်ပစ္စည်းများပေးအပ်**

ထို့နောက် နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ ခေါင်းဆောင် ပြည်သူ့ပါတီဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်တို့က နိဂုံးချုပ်အမှာစကားများ ပြောကြားခဲ့ပြီး လက်ဆောင်ပစ္စည်းများအား ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (ဝဲပုံ)

သတင်းစဉ်

## နိုင်ငံရေးနည်းလမ်းမှတစ်ဆင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေကြသူများ၏ စကားသံများ

နေပြည်တော် ဇန်နဝါရီ ၂၄

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၃ ရက်မှ ၂၄ ရက်အထိ နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပလျက်ရှိရာ နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးမှုမှတစ်ဆင့် ရရှိခဲ့သည့် သဘောတူညီမှုရလဒ်များ၊ နိုင်ငံရေးနည်းလမ်းမှတစ်ဆင့် နိုင်ငံနှင့်ပြည်သူအတွက် အကျိုးဖြစ်ထွန်းစေရေး ဆောင်ရွက်မှုအခြေအနေများနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ တက်ရောက်လာကြသူများ၏ စကားသံများကို စုစည်းဖော်ပြလိုက်ရပါသည်။



ဦးကိုကိုကြီး( ဥက္ကဋ္ဌ၊ ပြည်သူ့ပါတီ)



ဒေါက်တာအေးမောင်(ဥက္ကဋ္ဌ၊ရခိုင့်ဦးဆောင်ပါတီ)



ဒေါက်တာအောင်မြတ်ဦး
(ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)



ဦးခင်မောင်သိန်း
(ဗဟိုအလုပ်အမှုဆောင်၊
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ)

**ဦးကိုကိုကြီး( ဥက္ကဋ္ဌ၊ ပြည်သူ့ပါတီ)**

နိုင်ငံတစ်နိုင်ငံမှာ အမြင့်ဆုံးဥပဒေက ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပါတယ်။ ဒီဥပဒေရဲ့ သဘောတရားကလည်း ကျင့်သုံးရင်းနဲ့ လိုအပ်ချက်တွေ၊ အားနည်းချက်တွေရှိရင် တဖြည်းဖြည်းပြင်ဆင်ပြီးတော့ ကောင်းသထက်ကောင်းအောင် ကြိုးစားကြရတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ လွှတ်တော်သက်တမ်း နှစ်ဆက်အတွင်း ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ကျင့်သုံးပြီးတဲ့အချိန်မှာ လိုအပ်ချက်တွေ၊ အားနည်းချက်တွေကို တွေ့ရှိလာရတာတွေရှိပါတယ်။ လက်ရှိနိုင်ငံတော်ရဲ့ အခက်အခဲတွေကို ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်အတွင်းကနေ ဖြေရှင်းရမယ်ဆိုရင် မဖြစ်မနေပြင်ဆင်သင့်တဲ့အချက်တွေကို ဆွေးနွေးကြပါတယ်။ ဒီအချက်တွေထဲမှာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဘက်က အဆိုပြုတဲ့အချက်တွေရှိသလို ကျွန်တော်တို့ နိုင်ငံရေးပါတီများအစုအဖွဲ့ကလည်း အဆိုပြုတဲ့အချက်တွေရှိပါတယ်။ ဒီအချက်တွေကို နှစ်ဖက်ညှိနှိုင်းပြီးတော့ ဖြစ်ပေါ်လာမယ့် လွှတ်တော်မှာ ပြင်ဆင်တဲ့အခါ ကြိုတင်ညှိနှိုင်းသဘောတူပြီးသားဖြစ်အောင် ကြိုးစားဆွေးနွေးခဲ့ကြတာဖြစ်ပါတယ်။

အခု ကျွန်တော်တို့ဆွေးနွေးပြီး သဘောထားစုစည်းချက်အားလုံး (၄၃) ချက်ရှိပါတယ်။ နောက်ပြီး တစ်ထိုင်တည်းဆုံးဖြတ်လို့မရဘဲ ဆက်လက်ဆွေးနွေးရမယ့်အချက်(၇) ချက်လည်းရှိပါတယ်။ ဒီအချက်ကိုလည်း ဆက်လက်ဆွေးနွေးနေဆဲဖြစ်ပါတယ်။ ဒီနေ့ဆွေးနွေးနေတဲ့ အချိန်မှာလည်း သဘောတူ စုစည်းထားပြီးသား (၄၃)ချက်၊ ဆက်လက်ဆွေးနွေးမယ့် အချက်(၇)ချက်အပြင် နိုင်ငံရေးပါတီများအစုအဖွဲ့က ပြင်ဆင်သင့်တယ်လို့ ထပ်မံပြီး အဆိုပြုထားတဲ့ အချက်တွေလည်းရှိပါသေးတယ်။ ဒီအချက်တွေကိုလည်း ဆက်လက်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ သဘောတူညီမှုရရှိပြီးသွားရင်တော့ သဘောထားစုစည်းချက်များအဖြစ်နဲ့ နှစ်ဖက်အပြန်အလှန်လက်မှတ်ရေးထိုးဖို့ အစီအစဉ်လည်းရှိပါတယ်။ ဒါကြောင့် နိုင်ငံရေးနည်းလမ်းနဲ့ ကြိုးပမ်းနေတာဟာ ရတ်တရက်တော့ သိသာမြင်သာမဖြစ်ပေမယ့် ကျွန်တော်တို့အားလုံး ပွင့်လင်းရင်းနှီးစွာနဲ့ အကျေအလည် ဆွေးနွေးညှိနှိုင်းနေကြပါတယ်။ ဒီဆွေးနွေးမှုတွေကတစ်ဆင့် တိုးတက်မှုတွေလည်း ရရှိထားပါတယ်။ ဒီတိုးတက်မှုတွေကို ပြည်သူတွေသိရှိစေဖို့ အသိပေးခြင်းဖြစ်ပါတယ်။ ပါတီစုံဒီမိုကရေစီမှာ နိုင်ငံရေးပါတီတွေရဲ့အခန်းကဏ္ဍက အရေးကြီးပါတယ်။ နိုင်ငံရေးပါတီတွေ အားမကောင်းဘဲနဲ့ ပါတီစုံဒီမိုကရေစီရှင်သန်ဖွံ့ဖြိုးဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံရေးပါတီတွေ အားကောင်းဖို့ ပြည်သူတွေကိုယ်တိုင်ကလည်း နိုင်ငံရေးပါတီတွေအပေါ်မှာ ယုံကြည်မှုရှိပြီး ပူးပေါင်းဆောင်ရွက်မှုရှိစေလိုပါတယ်။

**ဒေါက်တာအေးမောင် (ဥက္ကဋ္ဌ၊ ရခိုင့်ဦးဆောင်ပါတီ)**

ဒီနေ့ဆွေးနွေးပွဲမှာတော့ အရင်ပြုလုပ်ခဲ့တဲ့ ဆွေးနွေးပွဲတွေမှာ သဘောထားမတူညီရသေးတဲ့

စာမျက်နှာ ၄ သို့

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



နေပြည်တော် ဇန်နဝါရီ ၂၄

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆီထွက်သီးနှံစိုက်ပျိုးရေး လုပ်ငန်းများ ပိုမိုအောင်မြင်ရေး ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ဗီးဖြူကုန်းကျေးရွာရှိ လူဦးရေ ၃၈၁၈ ဦးတို့၏ စိုက်ပျိုးမြေဧက ၂၇၀၀ ကျော် အကျိုးပြုပေးနိုင်မည့် ဗီးဖြူကုန်းကျေးရွာ ကုန်ထုတ်လမ်းတံတား ဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဆွေးနွေးမှာကြား၍ ကျေးရွာနေ ပြည်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ကုန်ထုတ်လမ်းတံတား ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရမည်းသင်းမြို့နယ် သိမ်ကုန်းကျေးရွာ ယာယီရှင်းလင်းဆောင်၌ ရွှေစင်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်း အသင်းအမှုဆောင်များ၊ ဆီထွက်သီးနှံနေကြာစိုက် တောင်သူများနှင့်လည်းကောင်း၊ ကန်ဘဲ့ကျေးရွာ ယာယီရှင်းလင်းဆောင်၌ ရွှေကန်ဘဲ့စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်း အသင်းအမှုဆောင်များ၊ ဆီထွက်သီးနှံနေကြာစိုက် တောင်သူများနှင့်လည်းကောင်း(ယာပုံ) သီးခြားစီတွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက အသင်းသား တောင်သူများအနေဖြင့် ရာသီအလိုက် မိမိတို့ဒေသနှင့် ကိုက်ညီသောသီးနှံများ စိုက်ပျိုးရာတွင် လိုအပ်သည့် နည်းပညာများ ပံ့ပိုးဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ သမဝါယမအသင်းမှ စိုက်ပျိုးထားသောဆောင်းနေကြာစိုက်ခင်းများမှ ထွက်ရှိလာသောနေကြာများကို သမဝါယမအသင်းပိုင် ဆီစက်များမှ ပွဲစားမလိုဘဲ ဒေသပေါက်ဈေးနှုန်းဖြင့် တိုက်ရိုက်ဝယ်ယူ ကြိတ်ခွဲပေးနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ တောင်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုလုပ်ကိုင်နိုင်ရေးအတွက် တစ်ဦးချင်း ဆောင်ရွက်ခြင်းမပြုဘဲ အမှန်တကယ်လုပ်ငန်းလုပ်ကိုင်လိုသူများ၊ လုပ်ငန်း အမျိုးအစားတူညီသူများ၊ စိတ်တူကိုယ်တူ ဆန္ဒတူသူများကို စုပေါင်း၍ သမဝါယမအသင်းများ စုဖွဲ့လုပ်ဆောင်ရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားပြီး အသင်းသား တောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးကာ ဆောင်းနေကြာစိုက်ပျိုးထားရှိမှုကိုကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် ဇန်နဝါရီ ၂၄

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး ခုတင်-၅၀၀ နှင့် တပ်မတော်ဆေးရုံကြီး ခုတင်-၁၀၀၀၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းတို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၃ မှ*

အချက်တွေကို ပြန်လည်ညှိနှိုင်း ဆွေးနွေးကြပါတယ်။ နောက်ပြီး သဘောတူညီမှုရရှိထားတဲ့အချက်တွေကိုလည်း လက်မှတ်ရေးထိုးဖို့ရှိပါတယ်။ သဘောတူညီထားတဲ့ အချက်တွေကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အခြေခံမူတွေ၊ ဥပဒေပြုရေးတွေ၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး စသဖြင့် အားလုံး(၄၃)ချက်ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ နိုင်ငံရေးတည်ငြိမ်မှု၊ တရားဥပဒေစိုးမိုးမှုက အလွန်အရေးကြီးပါတယ်။ ဒါကြောင့် နိုင်ငံရေးတည်ငြိမ်အောင် ဆောင်ရွက်ဖို့ နိုင်ငံရေးအပေးအယူရှိဖို့လိုပါတယ်။ နိုင်ငံရေး သဘောထားကွဲလွဲမှုကြောင့် လက်နက်ကိုင်ပဋိပက္ခတွေဖြစ်ပေါ်လာခြင်းဖြစ်ပါတယ်။ စစ်ပွဲတွေကြောင့် ဖြစ်ပေါ်လာတဲ့ ဆိုးကျိုးတွေကို အများကြီးကြုံတွေ့နေရပါပြီ။ ဒါကြောင့် နိုင်ငံရေးတည်ငြိမ်မှုရရှိအောင် အခြေခံဥပဒေရဲ့ တချို့ပုဒ်မတွေကို ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲစေပြီး နိုင်ငံရေးပြေလည်မှုရရှိအောင် လိုအပ်နေတဲ့ ကာလဖြစ်တဲ့အတွက် ကြိုးစားဆောင်ရွက်နေကြပါတယ်။

**ဒေါက်တာအောင်မြတ်ဦး (ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)**

မနေ့က ဆွေးနွေးပွဲမှာတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ဖြည့်စွက်ရေးနဲ့ပတ်သက်ပြီး ဆွေးနွေးခဲ့ကြပါတယ်။ ဒီနေ့မှာတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကို ဆက်လက်ဆွေးနွေးပြီး လက်ရှိနိုင်ငံနဲ့ ပြည်သူတွေရင်ဆိုင်နေရတဲ့ အခက်အခဲ၊ အကျပ်အတည်းတွေကို ဘယ်လိုကျော်လွှားသွားမလဲဆိုတဲ့ နည်းလမ်းတွေကို ရှာဖွေဖို့ ဆက်လက်ဆွေးနွေးကြမှာဖြစ်ပါတယ်။ ဖြေရှင်းဖို့ နည်းလမ်းတွေရရှိမယ်လို့လည်း ကျွန်တော်တို့မျှော်မှန်းထားပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ပြောင်းလဲလာတဲ့ ခေတ်ကာလလိုအပ်ချက်အရ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရတာရှိသလို ဒီမိုကရေစီနဲ့ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ဖို့ အနာဂတ်မှာ ဆောင်ရွက်မယ့် လျာထားချက်တွေအပေါ်မှာ အခြေခံပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်တာတွေလုပ်ရပါမယ်။ ဒီလိုပြင်ဆင်တာတွေလုပ်ပြီး လိုအပ်တာတွေ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ အခုသဘောထားညှိနှိုင်းလို့ရတဲ့အချက်တွေကို လွှတ်တော်ပေါ်ပေါက်လာတဲ့အခါ လွှတ်တော်မှာတင်ပြပြီး အတည်ပြုပါမယ်။ ကျွန်တော်တို့ ဆွေးနွေးလာတဲ့ အနေအထားအရ သဘောထားညှိနှိုင်းရရှိတဲ့ အချက် (၄၃) ချက်ရှိပါတယ်။ ဒီအချက်တွေကို သဘောထားညှိနှိုင်းချက်အနေနဲ့ လက်မှတ်ရေးထိုးသွားဖို့ စီစဉ်ထားပါတယ်။

**ဦးခင်မောင်သိန်း(ဗဟိုအလုပ်အမှုဆောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ)**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနဲ့ နိုင်ငံရေးပါတီများအစုအဖွဲ့တွေနဲ့ ဆွေးနွေးပွဲတွေလုပ်တဲ့အခါမှာ ကျွန်တော်တို့ပါတီအနေနဲ့လည်း ပူးပေါင်းပါဝင်ဆောင်ရွက်မှုတွေလုပ်ခဲ့ပါတယ်။ ဒီလိုဆွေးနွေးပွဲတွေလုပ်ခြင်းအားဖြင့် နိုင်ငံအတွက်အကျိုးရှိတယ်လို့မြင်မိပါတယ်။ နိုင်ငံရေးပါတီတွေ ဖွဲ့စည်းတာဟာ ပြည်သူတွေအကျိုးအတွက် ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူ့အကျိုးစီးပွားနဲ့ နိုင်ငံအတွက် လိုအပ်တာတွေကို ဝိုင်းဝန်းဆွေးနွေးပြီး ကျွန်တော်တို့ ညှိနှိုင်းဆောင်ရွက်ကြတာဖြစ်ပါတယ်။ နှစ်ဦးနှစ်ဖက် ပွင့်လင်းပြီး နားလည်မှုသဘောတရားတွေနဲ့ နိုင်ငံအတွက် ဆွေးနွေးခွင့်ရရှိခဲ့တဲ့အတွက် သဘောတူညီချက်(၄၃)ချက်ရရှိပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီး ဆွေးနွေးညှိနှိုင်းနေတဲ့ အချက်တွေလည်း ရှိပါတယ်။

ကျွန်တော်တို့ နိုင်ငံရေးပါတီများအစုအဖွဲ့ အနေနဲ့ နိုင်ငံနဲ့ ပြည်သူအတွက် တတ်နိုင်သမျှ အကျိုးရှိအောင် ဆောင်ရွက်သွားဖို့ ရည်ရွယ်ချက်နဲ့ဆောင်ရွက်နေကြပါတယ်။ နောက်ပြီး တစ်ယောက်ကိုတစ်ယောက် မာန်မာနတွေ၊ အတ္တစွဲတွေ ရှောင်ရှားပြီး ညီရင်းအစ်ကိုတွေလို သဘောထားပြီးတော့ ညှိနှိုင်းဆောင်ရွက် သွားမယ်ဆိုရင် အောင်မြင်မှုတွေ ရရှိမယ်လို့ အပြည့်အဝယုံကြည်ပါတယ်။

သတင်း - အောင်ရဲသွင်၊ အေးအေးသန့်

ဓာတ်ပုံ - အေးသန်း



# မြဝတီခရိုင်၌ လူကုန်ကူးမှုအန္တရာယ်ဆိုင်ရာအသိပညာပေးဟောပြောပွဲ ကျင်းပ

မြဝတီ ဇန်နဝါရီ ၂၄

ကရင်ပြည်နယ် မြဝတီခရိုင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၏ ဦးဆောင်လမ်းညွှန်မှုဖြင့် လူကုန်ကူးမှုအန္တရာယ်ဆိုင်ရာအသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက မြဝတီမြို့ အမှတ်(၄)ရပ်ကွက် City Home ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြဝတီခရိုင်ဥပဒေအရာရှိ ဦးစောစံဝင်းက အမှာစကားပြောကြားပြီး အမှတ်(၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့(မြဝတီ)မှ တပ်ဖွဲ့စိတ်မှူး ဒုတိယရဲမှူးသက်ဇော်ထွန်းက လူကုန်ကူးမှုဖြစ်ပေါ်လာရခြင်းအကြောင်းရင်းများ၊ လူကုန်ကူးခြင်းနှင့် လူမှောင်ခိုကူးခြင်းခြားနားချက်၊ လူမှုမီဒီယာများမှတစ်ဆင့်လိမ်လည်၍ လူကုန်ကူးခြင်းများရှိနေခြင်းကြောင့် လူကုန်ကူးမှုမခံရစေရန် သတိပြုဆင်ခြင်ရမည့်အချက်များ၊ လူကုန်ကူးခြင်းမှ ခေါင်းပုံဖြတ်ခံရမှုများ၊ နယ်စပ်ဖြတ်ကျော်မှုခင်း ဖြစ်ပွားမှုများ၊ လူကုန်ကူးမှု ဥပဒေအရ သတ်မှတ်ထားသောပြစ်မှုပြစ်ဒဏ်များနှင့် လူကုန်ကူးမှုခံရပါကဖြစ်ပေါ်လာနိုင်သည့်နောက်ဆက်တွဲ ဆိုးကျိုးအန္တရာယ်များကို ဟောပြောပေးသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာသူများအား လူကုန်ကူးမှုဆိုင်ရာအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ယွန်းလှုံမြန်မာလယ်ယာသစ်တောကုမ္ပဏီလီမိတက် တာဝန်ရှိသူများက Agro(+)Project ဆောင်ရွက်နေမှုများအား ရှင်းလင်းပြသသည့်အခမ်းအနားသို့ တက်ရောက်

**မန္တလေး ဇန်နဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အဖွဲ့အား ယွန်းလှုံမြန်မာ လယ်ယာသစ်တော ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက Agro(+) Project ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ မန္တလေး တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ယနေ့ မွန်းလွဲပိုင်းက လာရောက်ရှင်းလင်း ပြသခဲ့သည်။




ရှင်းလင်းပြသမှု၌ အဆိုပါ ကုမ္ပဏီမှ တာဝန်ရှိသူက မြန်မာ့ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝများနှင့် လူ့စွမ်းအား အရင်းအမြစ်များဖွံ့ဖြိုးတိုးတက်စေရန်၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီမံကိန်း၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းကဏ္ဍများနှင့် ပတ်သက်၍ ဆောင်ရွက်နေမှုများ၊ လုပ်ငန်းအတွေ့အကြုံများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်အကြီးအကဲမှ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စိုက်ပျိုးမွေးမြူရေး အခြေခံသည့် Value Added ထုတ်ကုန်များ နှင့် MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများ၊ စီမံချက်များချမှတ်၍ ကဏ္ဍများအလိုက် အလေးထား ဆောင်ရွက်နေမှုများကို ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးပြောကြားပြီး သက်ဆိုင်ရာများ တိုင်းဦးစီးမှူးများက ရှင်းလင်းတင်ပြ အကြံပြုဆွေးနွေးပြောကြားပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိဂုံးချုပ် စကားပြောကြားခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်)

# ဝွေ့ကြီး-တည်ပင်ကုန်း-ညောင်ပင်ကုန်း-ကန်တောင်လမ်းအား မိတ္ထီလာမြို့ရှောင်လမ်းအဖြစ် အဆင့်မြှင့်တင်တည်ဆောက်သွားရန် ဒေသခံများနှင့် တွေ့ဆုံ

**မိတ္ထီလာ ဇန်နဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးသည် မိတ္ထီလာမြို့နယ်အတွင်းရှိ ဝွေ့ကြီး-တည်ပင်ကုန်း-ညောင်ပင်ကုန်း-ကန်တောင်လမ်းအား မိတ္ထီလာမြို့ရှောင်လမ်းအဖြစ် အဆင့်မြှင့်တင် တည်ဆောက်သွားရန်အတွက် ဒေသခံကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပွဲကို ယနေ့ နံနက်ပိုင်းက ဝွေ့ကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် မန္တလေး တိုင်းဒေသကြီး လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးထွန်းထွန်းနိုင်က မိတ္ထီလာမြို့ရှောင်လမ်းကို ထိပ်ဝအကျယ် ပေ ၄၀ မြေသား တာပေါင်တည်ဆောက်ရန်အတွက် ပေ ၈၀ အကျယ် လမ်းနယ်ရရှိရေးအတွက် တင်ပြဆွေးနွေးခဲ့ပြီး မိတ္ထီလာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်တင်မိုးနှင့် မန္တလေးတိုင်းဒေသကြီး လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးအောင်ထွန်းတို့က မြို့ရှောင်လမ်းပေါ်ပေါက်လာပါက ဒေသခံပြည်သူများက လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ဒေသခံပြည်သူများအနေဖြင့် မြို့ရှောင်လမ်း ဖောက်လုပ်ရာတွင် မိမိတို့၏ ယာမြေ တစ်စိတ်တစ်ဒေသ လှူဒါန်းပေးနိုင်ရေး ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများက စည်းရုံးဆောင်ရွက်သွားကြရန် တင်ပြဆွေးနွေးခဲ့သည်။ ၎င်းနောက် မြို့ရှောင်လမ်း ဖောက်လုပ်ရာတွင် လမ်းနယ်အဖြစ်ပါဝင်မည့် မြင်းကန်၊ ခင်တဲ၊ ကန်တောင်ကျေးရွာအုပ်ချုပ်ရေးမှူးများက ဒေသခံပြည်သူများနှင့် တွေ့ဆုံညှိနှိုင်းထားမှုအခြေအနေနှင့် အခက်အခဲများအား တင်ပြဆွေးနွေးခဲ့ကြရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးက မိတ္ထီလာမြို့နယ်အတွင်းရှိ ဝွေ့ကြီး-တည်ပင်ကုန်း-ညောင်ပင်ကုန်း-ကန်တောင်လမ်းအား မိတ္ထီလာမြို့ရှောင်လမ်းအဖြစ် အဆင့်မြှင့်တင်တည်ဆောက်သွားရန်အတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဖြည့်စွက်ရန်ပုံငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၎င်းမြို့ရှောင်လမ်းဆောင်ရွက်ရာတွင် ဒေသခံပြည်သူတို့၏ ယာမြေများမှ ဖြတ်သန်းတည်ဆောက်သွားမည်ဖြစ်၍ နိုင်ငံတော်အစိုးရက မြေယာလျော်ကြေးပေးရန် ဆန္ဒရှိသော်လည်း ရာဂီမုန်တိုင်းကြောင့် ဆက်စပ်ဖြစ်ပွားသော ရေကြီးရေလျှံမှုများကြောင့် ပျက်စီးဆုံးရှုံးမှုများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေရသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ဝန်ထုပ်ဝန်ပိုးဖြစ်နေရပါကြောင်း၊ ဒေသခံပြည်သူများက မြို့ရှောင်လမ်းမကြီးဖောက်လုပ်နိုင်ရေး မိမိတို့ယာမြေတစ်စိတ်တစ်ဒေသ လှူဒါန်းပေးစေလိုကြောင်း၊ မြို့ရှောင်လမ်း ဖောက်လုပ်ပြီးစီးပါက ဒေသခံပြည်သူများအနေဖြင့် မိမိတို့၏ လယ်ယာထွက်သီးနှံများ သယ်ယူပို့ဆောင်ရာတွင် အဆင်ပြေမည်ဖြစ်၍ ကုန်စည်စီးဆင်းမှု လျင်မြန်လွယ်ကူမည်ဖြစ်ပါကြောင်း၊ ဒါ့အပြင် ကျန်းမာရေး၊ ပညာရေးနှင့် စီးပွားရေးကဏ္ဍများ အဆင်ပြေပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ဒါကြောင့် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများက မိမိတို့ကျေးရွာများမှ ဒေသခံပြည်သူများအား နားလည်လက်ခံလာအောင် စည်းရုံးဆောင်ရွက်သွားကြရန် ပြောကြားခဲ့သည်။ ၎င်းနောက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးသည် မိတ္ထီလာမြို့ရှောင်လမ်းအဖြစ် အဆင့်မြှင့်တင်တည်ဆောက်သွားမည့် ဝွေ့ကြီး-တည်ပင်ကုန်း-ညောင်ပင်ကုန်း-



ကန်တောင်လမ်းအား ကွင်းဆင်းစစ်ဆေး ကြည့်ရှုခဲ့သည်။

အဆိုပါမြို့ရှောင်လမ်းအဖြစ် တည်ဆောက်မည့် ဝွေ့ကြီး-တည်ပင်ကုန်း-ညောင်ပင်ကုန်း-ကန်တောင်လမ်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဖြည့်စွက်ရန်ပုံငွေဖြင့် မူလလမ်းအရှည် ၁၀ မိုင်ရှိသည့်လမ်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန ကြီးကြပ်ရေးအဖွဲ့ (ရုံးချုပ်)မှ တိုင်းတာပုံ ထုတ်ပေးထားသော ဒီဇိုင်းပုံစံအရ ၈ မိုင် ၃ ဖာလုံ ၇၁ ပေ အရှည်ရှိသော လမ်းအူကြောင်းတစ်ခုဖြစ်ပြီး ထိပ်ဝ ပေ ၄၀ အကျယ် မြေသားတာပေါင်နှင့် ၂၄ ပေ အကျယ် ကွန်ကရစ်လမ်းအဆင့် အထိ အဆင့်မြှင့်တင် တည်ဆောက်သွားရန်အတွက် စီမံကိန်းရေးဆွဲထားကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၆၉)

၀-၀-၀-၀

# ရေနံချောင်းတွင် ဝါကို ဧက ၂၀၄၁ စိုက်ပျိုးပြီး

**ရေနံချောင်း ဇန်နဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်ရှိယာမြေများတွင် ဝါကို အဓိကစိုက်ပျိုးကြရာ ယမန်နေ့အထိ ဧက ၂၀၄၁ စိုက်ပျိုးပြီးဖြစ်ကြောင်းရေနံချောင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကသိရသည်။

ရေနံချောင်းမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ပျိုးရာသီ၌ တစ်နှစ်ပတ်လုံး ဝါစိုက် ဧက ၂၄၂၀ လျာထားစိုက်ပျိုး ခဲ့ရာဧက ၂၀၄၁ စိုက်ပျိုးပြီးဖြစ်ကာ ယမန်နေ့အထိ ဝါဧက ၇၇၆ ရိတ်သိမ်းပြီးဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

ဒေသခံတောင်သူများသည် ဝါကိုနှစ်စဉ်စိုက်ပျိုးကြရာ ယခုနှစ်တွင် ဝါပေါ်ချိန်၌ ဝါဈေးကောင်းမွန်သောကြောင့် တောင်သူများ အကျိုးအမြတ်ရရှိနေကြကာ မိသားစုဝင်ငွေရရှိနေကြသည်။

ရေနံချောင်းမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူများဝါစိုက်ပျိုးရေးနှင့် နည်းပညာများကိုလည်းကောင်း၊ ဝါအထွက်နှုန်းတိုးရေးဆောင်ရွက်ခဲ့ကြောင်း ယခုနှစ်ဝါအထွက်နှုန်း တစ်ဧကလျှင် ပိဿာ ၄၆၀ ဒသမ ၅၂ ထွက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

ဆန်းညွန့်ရေနံချောင်း



# မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးနန်းမြို့အနောက်ဘက်ရှိ စည်ရှည်တံတား ပြန်လည်တည်ဆောက်ပြီးစီးနေမှု အခြေအနေ၊ မြို့တွင်းလမ်းမကြီးများအား သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် ယာဉ်ကြောပြအမှတ်အသားများ ပေါ်လွင်ထင်ရှားစေရန် ဆေးကြောသန့်ရှင်းနေမှုများအား လိုက်လံကြည့်ရှုစစ်ဆေး









**မန္တလေး ဇန်နဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးရာဝန်ကြီး မြို့တော်ဝန် ဦးကျော်ဆန်းနှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းက မန္တလေးနန်းမြို့အနောက်ဘက်ရှိ စည်ရှည်တံတားပြန်လည်တည်ဆောက်ပြီးစီးနေမှုနှင့် မြို့တွင်းလမ်းမကြီးများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး ဆေးကြောသန့်ရှင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြို့တော်ဝန်နှင့်တာဝန်ရှိသူများသည် မန္တလေးနန်းမြို့အနောက်ဘက်ရှိ စည်ရှည်တံတားအား ရှေးမူမပျက်မူလပုံစံအတိုင်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှု၊ တံတားနှင့်ဆက်စပ်လျက်ရှိသည့် လမ်းများအား ခင်းကျင်းဆောင်ရွက်ထားမှု၊ ကျုံးမြို့ရိုးသာယာလှပရေးအတွက် ဆောင်ရွက်သွားမည့် အစီအမံများကို လိုက်လံကြည့်ရှုရာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီးနောက် မြို့တွင်းရှိလမ်းမကြီးအား သန့်ရှင်းသပ်ရပ်မှုရှိစေရန် ရေများဖြင့် ဆေးကြောသန့်ရှင်းခြင်း၊ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ပေါ်စေရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်ကြောပြအမှတ်အသားများ ပေါ်လွင်ထင်ရှားစေရန် ဆေးကြောခြင်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း မြို့ကြီးများရှိ လမ်းမကြီးများအား ရေဆေးသန့်ရှင်းဆောင်ရွက်ခြင်းများကို စီမံချက်များ ချမှတ်၍ လစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ

## ဆီထွက်သီးနှံနှင့် ဆီစက်များ ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပ



**မန္တလေး ဇန်နဝါရီ ၂၄**

ဆီထွက်သီးနှံနှင့် ဆီစက်များ ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေး၊ စားသုံးသူရေးရာဌာန၊ မန္တလေးတိုင်းဒေသကြီး တိုင်းဦးစီးမှူး ဦးဇေယျာဆွေနှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးရေးဌာနမှ တာဝန်ရှိသူများ၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး ဆီစက်ပိုင်ရှင်အသင်းဥက္ကဋ္ဌနှင့် ဆီလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**(ဝဲပုံ)**

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာ ဝန်ကြီးက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက ဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ "ဆီထွက်သီးနှံတိုးမြှင့်စိုက်ပျိုးမည့် အစီအစဉ်များ"ကိုလည်းကောင်း၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ "ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေနှင့်ပတ်သက်သည့် လုပ်ငန်းဆိုင်ရာများကို"လည်းကောင်း၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ "စားသုံးဆီနှင့်ပတ်သက်၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ သတ်မှတ်ချက်များ"ကိုလည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ "မန္တလေးတိုင်းဒေသကြီး ဆီထွက်သီးနှံနှင့် စားသုံးဆီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတင်ပြချက်များကို" သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်ပြီး မန္တလေးတိုင်းဆီစက်ပိုင်ရှင်များအသင်း ဥက္ကဋ္ဌက ဆီစက်လုပ်ငန်းနှင့်ပတ်သက်သည့် အခြေအနေများကို ဆီလုပ်ငန်းရှင်များနှင့်အတူ အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး ဆီလုပ်ငန်းရှင်များ သိရှိလိုသည့် မေးခွန်းများကို သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၅)**







# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ(၁/၂၀၂၅)အစည်းအဝေးသို့ တက်ရောက်

**မန္တလေး ဇန်နဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ(၁/၂၀၂၅) အစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများနှင့်ကုမ္ပဏီများမှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်စွမ်းအားမြှင့်တင်ရေးနှင့် စိုက်ပျိုးမွေးမြူရေး အခြေခံ ရင်းနှီးမြှုပ်နှံမှုများသည် အရေးကြီးသည့်အခန်းကဏ္ဍဖြစ်ပါကြောင်း၊ ပြည်တွင်း၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုရင်းနှီးမြှုပ်နှံလာနိုင်ရေးကို အားပေးဆောင်ရွက်နေသကဲ့သို့ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများ ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးကို နိုင်ငံတော်၏ မူဝါဒများနှင့်အညီ ရင်းနှီးမြှုပ်နှံမှုအခန်းကဏ္ဍများကို မြှင့်တင်ဖြည့်ဆည်းဆောင်ရွက်ပေးနေပါကြောင်း၊ ပြည်ပသွင်းကုန် အစားထိုးနိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတိုးချဲ့ခြင်း၊ လုပ်ငန်းများနှင့် ဆက်စပ်ထုတ်လုပ်မှုကွင်းဆက်တစ်ခုလုံး တိုးချဲ့ဆောင်ရွက်သွားရေးတို့ကို ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို လုပ်ငန်းစဉ်များ လွယ်ကူချောမွေ့စေရေးအတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ မြန်ဆန်သွက်လက်စွာ စိစစ်ခွင့်ပြုချထားပေးလျက်ရှိပြီး တင်ပြလျှောက်ထားလာမှုနှင့် မြေပြင်တွင် အမှန်တကယ်လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေမှုများနှင့်ကိုက်ညီရန်လိုအပ်ပါကြောင်း၊ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက် ပြည်ထောင်စုနေ့အခမ်းအနားတွင် နေပြည်တော် တပေါင်းကွင်း၌ ကျင်းပမည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ၌ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု MSME ထုတ်ကုန်များအပြင် ဒေသတစ်ခု ထွက်ကုန်တစ်ခုအနေဖြင့်လည်း ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ တင်ပြ လျှောက်ထားလာသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ကြုံတွေ့နေရသည့် အခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူး ဒေါက်တာမင်းဇော်ဦးက တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့မှ ကွင်းဆင်းဆောင်ရွက်ခဲ့မှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြဆွေးနွေးရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် စားသောက်ကုန် ထုတ်ကုန်နမူနာများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

# အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဆည်)မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ထူးချွန်ဆုပေးအပ်ပွဲ ကျင်းပ

**ကျောက်ဆည် ဇန်နဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်နှင့်အဖွဲ့ဝင်များသည် ယနေ့နံနက် ၈နာရီခွဲက အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဆည်)တွင် ကျင်းပပြုလုပ်သည့် မောင်မယ်သစ်လွင် ကြိုဆိုပွဲနှင့် ထူးချွန်ဆုပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အားပေး ချီးမြှင့်ခဲ့သည်။

ရှေးဦးစွာ အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဆည်)မှ ကျောင်းသူလေးများက "အလှကမ္ဘာမြေ" တေးသီချင်းဖြင့် ကပြဖျော်ဖြေခဲ့ပြီး အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဆည်)၏ သင်ကြားမှု၊ သင်ယူမှုမှတ်တမ်း video clip အားပြသခဲ့ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဂုဏ်ပြုငွေများချီးမြှင့်ခဲ့သည်။

ထို့နောက်မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီးဦးရွှေဇင်က နိုင်ငံကို အရှိန်အဟုန်မြှင့် ဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေးဘဝဖွံ့ဖြိုးဖို့အတွက် ဒေသတွင်း စက်မှုနှင့်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဟာ အခန်းကဏ္ဍကနေ ပါဝင်နေကြောင်း၊ စက်မှုနှင့် စီးပွားရေးလုပ်ငန်းများ၏လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန်အတွက် ကျွမ်းကျင်သည့်နည်းပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်လေ့ကျင့်ပေးလျက်ရှိသည့် G.T.I ပညာရေးသည် များစွာအရေးပါလျက်ရှိကြောင်း အရည်အသွေးပြည့်ဝသည့် ပညာရေးအတွက် နိုင်ငံတကာအသိအမှတ်ပြုသင်ရိုးညွှန်းတမ်းများ၊ သင်ကြားရေးဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများ၏ သင်ကြားသင်ယူမှုများ ခေတ်မီသင်ထောက်ကူပစ္စည်းများ၊ ကောင်းမွန်သည့်အလုပ်ရုံများ၊ စာသင်ခန်းများ၊ စက်မှုလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးသည် အဓိကကျကြောင်း အမှာစကားပြောကြားခဲ့ကာ မြို့ပြအင်ဂျင်နီယာဘာသာရပ်ဖြင့် အထူးအောင်မြင်ခဲ့ပြီး နည်းပညာ တက္ကသိုလ်သို့ ပေါင်းကူးတက်ရောက်ခွင့်ရသည့် ကျောင်းသား၊ကျောင်းသူများအား အောင်လက်မှတ်နှင့် ဆုများချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ကျောက်ဆည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းထွန်း၊ အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဆည်)မှ ကျောင်းအုပ်ဆရာကြီး ဒေါက်တာမျိုးသူနှင့်တာဝန်ရှိသူများက အီလက်ထရောနစ်၊ လျှပ်စစ်စွမ်းအား၊ စက်မှု၊ သုတနည်းပညာစသည့် အင်ဂျင်နီယာဘာသာရပ်များဖြင့် နည်းပညာတက္ကသိုလ်သို့ ပေါင်းကူးတက်ရောက်ခွင့်ရသည့် ကျောင်းသားကျောင်းသူများ၊ ဘာသာရပ်အလိုက် ပထမနှစ်၊ ဒုတိယနှစ် ထူးချွန်ကျောင်းသား၊ ကျောင်းသူများ၊ ဘော်လီဘော၊ ဘောလုံး အားကစား ထူးချွန်သူများအား ဂုဏ်ပြုကတ်နှင့် ထူးချွန်ဆုများ ပေးအပ်ခဲ့ပြီး စုပေါင်းမှတ်တမ်း ဓာတ်ပုံများ ရိုက်ခဲ့ကြောင်း သိရသည်။

(၄စ၅)






# စဉ့်ကိုင်မြို့နယ်၌ ကျောင်းတွင်း အာဟာရကျွေးမွေးခြင်း လုပ်ငန်းများ ဆောင်ရွက်

**စဉ့်ကိုင် ဇန်နဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနနှင့် အခြေခံပညာရေးဦးစီးဌာနတို့ ပူးပေါင်း၍ (၂၀၂၄-၂၀၂၅) ပညာသင်နှစ် KG ကျောင်းသား၊ ကျောင်းသူများအား ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းကို ယနေ့ နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးမြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးလွင်နှင့် ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အဖွဲ့ဝင်များ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာမကြီးများနှင့် ဆရာမများက အ·ထ·က (စဉ့်ကိုင်)၊ အ·လ·က(ခွဲ)(တရုတ်စု)၊ အ·မ·က(ရန်နိုင်)၊ အ·မ·က (မြို့မ)ကျောင်းများရှိ KG ကျောင်းသား(၄၁)ဦး၊ ကျောင်းသူ (၄၅) ဦး၊ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူဦးရေ (၈၆)ဦးတို့အား ကြက်ဥပြုတ်နှင့် ပဲနို့များ ကျွေးမွေးခဲ့ကြကြောင်း သိရသည်။

(ဓံပုံ)(၃၉၉)

၀-၀-၀-၀-၀



ယမန်နေ့က ပြီးဆုံးသွားသည့် အိုင်ယာလန်ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သော ဖီယန်နာဖေးလ်ပါတီ၏ ဥက္ကဋ္ဌ မီးရှယ်လ်မာတင် အိုင်ယာလန်ဝန်ကြီးချုပ်ရာထူး လက်မခံမီ ဒဗ္ဗလင်မြို့တော်၌ သတင်းစာရှင်းလင်းပွဲပြုလုပ်နေစဉ်။ Mon

# ကင်မ်ဂျောင်အွန်း ထံသို့ ဆက်သွယ်ရန် စီစဉ်ထားသည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့် ထုတ်ဖော်ပြောကြား

**ဝါရှင်တန် ဇန်နဝါရီ ၂၄**

အိမ်ဖြူတော်သို့ ပြန်ရောက်လာပြီးနောက် မြောက်ကိုရီးယားခေါင်းဆောင် ကင်မ်ဂျောင်အွန်းထံသို့ ဆက်သွယ်ရန် အစီအစဉ်ရှိသည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့် ယမန်နေ့က ထုတ်ဖော်ပြောကြားကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။



ကင်မ်ဂျောင်အွန်းနှင့် ပတ်သက်သည့် ၎င်း၏အစီအစဉ်များအကြောင်း တွေ့ဆုံခန်းတစ်ခုတွင် မေးမြန်းခံရစဉ် ထရမ့်က ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သော နှစ် ၇၀ ကျော် ကိုရီးယားစစ်ပွဲကတည်းက ဆက်ဆံရေးမပြေလည်ခဲ့သော နိုင်ငံနှစ်နိုင်ငံအတွက် ထရမ့်၏ ပထမသက်တမ်းအတွင်း ထရမ့်နှင့် ကင်မ်တို့သည် ပုံမှန်မဟုတ်သော ရင်းနှီးမှုကို တည်ဆောက်နိုင်ခဲ့သည်။

ထရမ့်က ယခင်က ၎င်းတို့၏ ဆက်ဆံရေးကို "အလွန်ကောင်းမွန်သည်" ဟု ဖော်ပြခဲ့ပြီး ကင်မ်ကို မီဒီယာများတွင် "ဉာဏ်ကောင်းသူ" ဟု ရည်ညွှန်းခဲ့သည်။

၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်က ပထမသက်တမ်းအတွက် ထရမ့်အနေဖြင့် ကင်မ်နှင့် သီးခြား ...ကြိမ်တွေ့ဆုံခဲ့သည်။

၂၀၁၉ ခုနှစ်တွင် ၁၉၅၃ ...စ်က ကိုရီးယားစစ်ပွဲကို ...ဘောတူညီမှုဖြင့် အဆုံးသတ် ...းနောက် မြောက်ကိုရီးယားသို့ ...ရောက်ခဲ့သည့် ပထမဆုံးသော ...မေရိကန်သမ္မတအဖြစ် သမိုင်း ...ခဲ့သည်။

သို့သော် ထရမ့်နှင့် ကင်မ် ...နီးသော ဆက်ဆံရေးသည် ၎င်း၏ ဒုတိယသက်တမ်းတွင် အမေရိကန်၏ မဟာမိတ်ဖြစ်သော တောင်ကိုရီးယားနှင့် ၎င်း၏ ကိုယ်ပိုင်အစိုးရအဖွဲ့ဝင်များနှင့်ပင် ဆန့်ကျင်ဘက်ဖြစ်စေနိုင်မည်ဖြစ်ကြောင်း သိရသည်။ Mon

# အမေရိကန်ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီတစ်ခုရောက်လာပြီးနောက် အစ္စရေးတပ်များ မြောက်ဂါဇာမှ ရုပ်သိမ်းသွားမည်

**ဂျေရုဆလင် ဇန်နဝါရီ ၂၄**

အမေရိကန်ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီတစ်ခုက လာမည့်ရက်အတွင်း မြောက်ဂါဇာသို့ သွားရာလမ်းပေါ်ရှိ အဓိကစစ်ဆေးရေးဂိတ်ကို လွှဲပြောင်းတာဝန်ယူမည်ဖြစ်ပြီး အစ္စရေးတပ်များ ဇန်နဝါရီ ၂၅ ရက်တွင် ထိုဒေသမှ ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ယင်းအမေရိကန်လုံခြုံရေးကုမ္ပဏီမှ လက်နက်ကိုင်ဝန်ထမ်းများသည် ထိုစစ်ဆေးရေးဂိတ်ကို တာဝန်ယူထိန်းသိမ်းမည်ဖြစ်ပြီး မြောက်ဂါဇာသို့ ဝင်ရောက်လာသော ယာဉ်များကို စစ်ဆေးရန် တာဝန်ယူမည်ဟု ဆိုသည်။

အစ္စရေးတပ်များသည် ဂါဇာအလယ်ပိုင်းရှိ နက်ဇာရင်းစင်္ကြံမှ ရုပ်သိမ်းမည်ဖြစ်ပြီး ထိုသို့ရုပ်သိမ်းခြင်းဖြင့် မြောက်ဂါဇာမှ ရွှေ့ပြောင်းနေထိုင်ရသူများအနေဖြင့် ၎င်းတို့၏အိမ်များသို့ ပြန်လည်နေထိုင်ခွင့်ရမည်ဖြစ်ကြောင်း သိရသည်။ Mon

# ဖမ်းဆီးနှင့်ထုတ်ခံရမည်ကို စိုးရိမ်နေသော အာဖဂန်ဒုက္ခသည်များ ဗီဇာစနစ်ပြေလျှော့ပေးရန် ပါကစ္စတန်ဝန်ကြီးချုပ်ထံ တောင်းဆို

**အစ္စလာမ္မာဘတ် ဇန်နဝါရီ ၂၄**

အာဖဂန်ဒုက္ခသည်များသည် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်က ဒုက္ခသည်အစီအစဉ်များကို ခေတ္တရပ်ဆိုင်းလိုက်ပြီးနောက် ပါကစ္စတန်ဝန်ကြီးချုပ်ထံ လူသားချင်းစာနာမှုအရ ဗီဇာစနစ်ကို ဖြေလျှော့ပေးရန် ဇန်နဝါရီ ၂၄ ရက်က တောင်းဆိုခဲ့သည်။

ဗီဇာသက်တမ်းကုန်သွားပြီဖြစ်သော သို့မဟုတ် မကြာမီကုန်ဆုံးတော့မည်ဖြစ်သော အာဖဂန်များစွာတို့အနေဖြင့် ဖမ်းဆီးခြင်းနှင့် နှင်ထုတ်ခြင်းခံရမည်ကို စိုးရိမ်နေကြသည်။

အာဖဂန် ၂၀၀၀၀ ခန့်သည် လက်ရှိတွင် အမေရိကန်အစိုးရ၏ အစီအစဉ်မှတစ်ဆင့် အမေရိကန်ပြည်ထောင်စုသို့ ပြန်လည်နေရာချထားမှုအတည်ပြုခံရရန် ပါကစ္စတန်နိုင်ငံတွင် စောင့်ဆိုင်းလျက်ရှိကြောင်း သိရသည်။ Mon

# ကုလသမဂ္ဂ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ထဲမှ အမေရိကန် နုတ်ထွက် သမ္မတ ဒေါ်နယ်လ်ထရမ့်က အမိန့်ပေးခဲ့ခြင်းဖြစ်

**ဝါရှင်တန် ဇန်နဝါရီ ၂၄**

အမေရိကန်ပြည်ထောင်စုသည် ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တရားဝင်နုတ်ထွက်သွားမည်ဖြစ်ပြီး ထိုသို့ဖြစ်ရခြင်းမှာ ကုလသမဂ္ဂအဖွဲ့အား အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်ထံမှ တရားဝင်စာကို ဤအပတ်အတွင်း လက်ခံရရှိခဲ့သောကြောင့်ဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ထရမ့်အနေဖြင့် ၎င်းသမ္မတရုံးတက်သည့် ပထမနေ့တွင်ပင် အမေရိကန်ကို နုတ်ထွက်စေရန်နှင့် အဖွဲ့အစည်းအတွက် အနာဂတ်ငွေကြေးထောက်ပံ့မှုကို အဆုံးသတ်ရန် အတည်ပြုခဲ့ပြီးနောက် ရုပ်သိမ်းမှုကို ယခုစတင်လုပ်ဆောင်နေခြင်းဖြစ်သည်ဟု ကုလသမဂ္ဂဒုတိယပြောရေးဆိုခွင့်ရှိသူ ဖာဟာန်ဟတ်က ပြောကြားသည်။

"ကျွန်တော်တို့ဟာ နုတ်ထွက်မှုနဲ့ပတ်သက်တဲ့ အမေရိကန်စာကို လက်ခံရရှိပြီဖြစ်ကြောင်း အတည်ပြုပြောကြားနိုင်ပါတယ်။ စာရက်စွဲကတော့ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၂ ရက်ဖြစ်ပြီး တစ်နှစ်အကြာ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၂ ရက်မှာ စတင်အကျိုးသက်ရောက်မှာဖြစ်ပါတယ်" ဟု ဟတ်က ရှင်းပြသည်။

ယင်းအဖွဲ့အစည်းသို့ အမေရိကန်အစိုးရ၏ ငွေကြေးထောက်ပံ့မှုများ သို့မဟုတ် အရင်းအမြစ်များ အနာဂတ်လွှဲပြောင်းမှုကို ခေတ္တဆိုင်းငံ့ရန် နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုနှင့် အမေရိကန်အစိုးရ၏ စီမံခန့်ခွဲမှုနှင့် ဘဏ္ဍာရေးရုံး၏ ညွှန်ကြားရေးမှူးတို့ကို သမ္မတ ဒေါ်နယ်လ်ထရမ့်က အမိန့်ပေးခဲ့ကြောင်း သိရသည်။ Mon







# ငွေကြေးဖောင်းပွမှုကို ကိုင်တွယ်ဖြေရှင်းရာ တိုးတက်ခဲ့သော်လည်း ဆက်လက်လုပ်ဆောင်ရန်ကိစ္စများ ဂျော်ဂျီယေဗာ ထောက်ပြ

**ဂျီနီဗာ ဇန်နဝါရီ ၂၄**

ကမ္ဘာ့ငွေကြေးရေးရာမူဝါဒချမှတ်သူများသည် စီးပွားရေးကျဆင်းမှုကို မဖြစ်စေဘဲ ငွေကြေးဖောင်းပွမှုကို ကိုင်တွယ်ဖြေရှင်းရာတွင် သိသာထင်ရှားသော တိုးတက်မှုများ ရရှိခဲ့သော်လည်း အချို့သောလုပ်ဆောင်ရန်ကိစ္စများ ကျန်ရှိနေသေးသည်ဟု အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၏ အမှုဆောင်ညွှန်ကြားရေးမှူးခရစ္စတာလီနာဂျော်ဂျီယေဗာက ဆွစ်ဇာလန်နိုင်ငံ ဒါဗို့စ်ကမ်းခြေတွင် ဇန်နဝါရီ ၂၃ ရက်က ပြောကြားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဂျော်ဂျီယေဗာက ၂၀၂၅ နှင့် ၂၀၂၆ ခုနှစ်များအတွက် IMF ၏ နောက်ဆုံးရဖွံ့ဖြိုးမှုခန့်မှန်းချက်များကို ထုတ်ပြန်ခဲ့ပြီး ယခုနှစ်အတွက် ကမ္ဘာ့ဖွံ့ဖြိုးမှုခန့်မှန်းချက်မှာ ၃ ဒသမ ၃ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ်အတွက် အနည်းငယ်တိုးတက်မှုရှိကြောင်း ဖော်ပြပြီး ဒေသဆိုင်ရာအပေါ် ကွဲပြားမှုများကို ၎င်းက အလေးထားပြောကြားခဲ့သည်။

"ဤပျမ်းမျှကိန်းဂဏန်းအောက်တွင် အမေရိကန်ပြည်ထောင်စု၌ အလွန်အားကောင်းသော စွမ်းဆောင်ရည်ကို မြင်တွေ့ရပြီး ဖွံ့ဖြိုးမှုခန့်မှန်းချက်မှာ ၂ ဒသမ ၂ ရာခိုင်နှုန်းမှ ၂ ဒသမ ၇ ရာခိုင်နှုန်းအထိ သိသာစွာ တိုးမြင့်ခဲ့သည်။ ထိုအချိန်တွင် ဥရောပ၏ စွမ်းဆောင်ရည်မှာ မျှော်လင့်ထားသည်ထက် နိမ့်ကျနေပြီး ကမ္ဘာ့ကျန်ဒေသများတွင် အနည်းငယ်တိုးတက်မှု သို့မဟုတ် လျော့နည်းမှုများဖြင့် ရောထွေးနေသည်" ဟု ဂျော်ဂျီယေဗာက ပြောကြားသည်။

အမေရိကန်၏ အားကောင်းသော ကြီးထွားမှုကို ရှင်းပြရာတွင် ဂျော်ဂျီယေဗာက လှုပ်ရှားမှုများသော ငွေကြေးဈေးကွက်၊ ထိရောက်သော နည်းပညာအသုံးချမှုနှင့် ဈေးနှုန်းသက်သာသော စွမ်းအင်ရရှိမှုတို့ကြောင့် ထုတ်လုပ်မှုစွမ်းအားမြင့်မားနေခြင်းကို ညွှန်ပြခဲ့သည်ဟု ၎င်းက ထောက်ပြခဲ့ကြောင်း သိရသည်။ Mon

# ဒီဇင်ဘာလတွင် စားသုံးကုန်ဈေးနှုန်းများ ပိုမိုမြင့်တက်၊ ချေးငွေကုန်ကျစရိတ်ကို ဂျပန်ဗဟိုဘဏ်ဘက်မှ တိုးမြှင့်

**တိုကျို ဇန်နဝါရီ ၂၄**

ဂျပန်နိုင်ငံ၌ ဒီဇင်ဘာလအတွင်း စားသုံးကုန်ဈေးနှုန်းများ ပိုမိုမြင့်တက်လာသဖြင့် ချေးငွေကုန်ကျစရိတ်ကို ဂျပန်ဗဟိုဘဏ်ဘက်မှ ၁၇ နှစ်အတွင်း အမြင့်ဆုံးအဆင့်သို့ တိုးမြှင့်လိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဂျပန်ဗဟိုဘဏ် (BOJ) ၏ ယခုလုပ်ဆောင်ချက်သည် လတ်တလောစီးပွားရေးအချက်အလက်များအရ ပြီးခဲ့သည့်လက ဈေးနှုန်းများ ၁၆ လအတွင်း အမြန်ဆုံးနှုန်းဖြင့် မြင့်တက်လာခဲ့ပြီးနောက် နာရီပိုင်းအတွင်း ၎င်း၏ ရေတိုမူဝါဒအတိုးနှုန်းကို "သုညဒသမ ၅ ရာခိုင်နှုန်းခန့်" အထိ တိုးမြှင့်ခဲ့ခြင်းဖြစ်သည်။

ဂျပန်ဗဟိုဘဏ်၏ နောက်ဆုံးအတိုးနှုန်းတိုးမြှင့်မှုကို ဇူလိုင်လတွင် ပြုလုပ်ခဲ့ပြီး အမေရိကန်ဘက်မှ အားနည်းသော အလုပ်အကိုင်အစီရင်ခံစာနှင့်အတူ ကမ္ဘာတစ်ဝန်းရှိ ရင်းနှီးမြှုပ်နှံသူများကို အံ့အားသင့်စေခဲ့ပြီး စတော့ဈေးကွက်ရောင်းချမှုကို စတင်ခဲ့သည်။



ဗဟိုဘဏ်အုပ်ချုပ်ရေးမှူး ကာဇူအိုအဲဒါက ဈေးကွက်တစ်ခုလုံးကို အံ့အားသင့်မှုမဖြစ်စေရန် နောက်ဆုံး အတိုးနှုန်းတိုးမြှင့်မှုနှင့်ပတ်သက်၍ ကြိုတင်အသိပေးခဲ့သည်။

ယမန်နေ့က ထုတ်ပြန်ခဲ့သည့် တရားဝင်ကိန်းဂဏန်းများအရ ဂျပန်နိုင်ငံ၏ အဓိကစားသုံးကုန်ဈေးနှုန်းများသည် ဒီဇင်ဘာလတွင် ယမန်နှစ်ကထက် ၃ ရာခိုင်နှုန်း တိုးလာခဲ့သည်။

ယင်းဆုံးဖြတ်ချက်သည် ဂျပန်ဗဟိုဘဏ်၏ ဇူလိုင်လကတည်းက ပထမဆုံးအတိုးနှုန်းတိုးမြှင့်မှုဖြစ်ပြီး ဒေါ်နယ်လ်ထရမ့် အိမ်ဖြူတော်သို့ ပြန်လည်ရောက်ရှိပြီး ရက်ပိုင်းအကြာတွင် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ Mon

# မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြပွဲ ကျင်းပ

**တောင်တွင်းကြီး ဇန်နဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးစောမောင်၏ ဦးဆောင်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များသည် အခြေခံပညာအထက်တန်းကျောင်းခွဲ(အုန်းတော)ရှိ ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ယနေ့ နံနက် ၉ နာရီခွဲက မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောခြင်းနှင့် လက်တွေ့ သရုပ်ပြပွဲ ကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲအခမ်းအနားတွင် တောင်တွင်းကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်စခန်းမှူး၊ ဒုတိယမီးသတ်ဦးစီးမှူး ဦးသက်နိုင်ဦးက မီးဘေးလုံခြုံကာကွယ်ရေး အသိပညာပေးဆွေးနွေးရခြင်း ရည်ရွယ်ချက်များ၊ မီးလောင်မှုအခြေခံသဘောတရားများ၊ မီးငြိမ်းသတ်ခြင်းစနစ်များ၊ မီးအတန်းအစားခွဲခြားခြင်းများ၊ လျှပ်စစ်မီးလောင်မှုဖြစ်စေသည့် အဓိကအကြောင်းအရင်းများ၊ လျှပ်စစ်ဝါယာရှော့မဖြစ်အောင် ကာကွယ်ရမည့်နည်းလမ်းများ၊ မီးကိုမပေါ့ဆကြရန်နှင့် မီးလောင်ပါက ပစ္စည်းဆုံးရှုံးမှုသာမက အသက်အိုးအိမ်များပါ ပျက်စီးဆုံးရှုံးတတ်ကြောင်းကို ရှင်းလင်းဟောပြောခဲ့ပြီး မြို့နယ်ဒုတိယမီးသတ်ဦးစီးမှူး ဦးဆောင်၍ တပ်ဖွဲ့ဝင်လေးဦးဖြင့် အဆိုပါကျောင်းဝင်းအတွင်းရှိ ကွင်းပြင်တွင် ဆီမီးလောင်မှုအား မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်မှုကို လက်တွေ့သရုပ်ပြခြင်း၊ မီးသတ်ပိုက်ဖြင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြသ၍ လက်တွေ့ဆောင်ရွက်ခြင်းများကို ပြုလုပ်ခဲ့ကြောင်း သိရသည်။



(ဝဲပုံ) နောင်နောင်(ဗိသနိုးမြေ)



# မီးဘေးလုံခြုံရေး၊ အသိပညာပေးဟောပြောခြင်းနှင့် သရုပ်ပြဇာတ်တိုက် လေ့ကျင့်မှုများ ဆောင်ရွက်

**ရွှေဘို ဇန်နဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်မီးသတ်ဦးစီးဌာနမှ မြို့နယ်တွင်းမီးဘေးလုံခြုံစေရေးအတွက် အသိပညာပေးဟောပြောခြင်းနှင့် သရုပ်ပြဇာတ်တိုက်လေ့ကျင့်မှုများကို ယမန်နေ့ နံနက်ပိုင်းက ရွှေဘိုသူနာပြုသင်တန်းကျောင်းတွင်ပြုလုပ်ခဲ့ရာ ခရိုင်မီးသတ်ဦးစီးမှူး ဦးအေးမြင့်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်မြတ်တိုးနှင့် ဝန်ထမ်းများက မီးဘေးအသိ၊ မီးဘေးသတိရှိစေရေး မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ပေးနေမှုနှင့် မီးငြိမ်းသတ်ရေး ပစ္စည်းများအကြောင်းနှင့် အသုံးပြုပုံများ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် အသုံးပြုသည့် ခေတ်မီစက်ကိရိယာပစ္စည်းများ အကြောင်းကို ရှင်းလင်းပြောကြားပြီး ပြသပေးခဲ့သည်။ **(အပေါ်ပုံ)**

ဆက်လက်ပြီး ခရိုင်၊မြို့နယ်မီးသတ်ဦးစီးမှူး၏ အနီးကပ်ကြီးကြပ်မှုနှင့်အတူ တပ်ဖွဲ့ဝင် ၁၉ ဦးနှင့် သင်တန်းသား၊ သင်တန်းသူလေးများက မီးဘေးကြိုတင် ကာကွယ်ရေးအတွက် အောက်ဆီဂျင်ဖြတ်တောက်နည်း၊ မီးသတ်ရေပိုက်၊မီးသတ်ဆေးဘူးတို့ဖြင့်လည်းကောင်း၊ ရေစိုအဝတ်အသုံးပြုလျက် ဆီနှင့် ဂက်စ်အိုးမီးငြိမ်းသတ်ခြင်းတို့အပြင် အရေးပေါ်ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ပုံအဆင့်ဆင့်တို့တွင် သိရှိနားလည်ထားရန်အတွက် ပူးပေါင်းပါဝင်ကာ သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။

ရွှေဘို ခရိုင်/မြို့နယ်မီးသတ်တပ်ဖွဲ့အနေဖြင့် ပူပြင်းခြောက်သွေ့သောရာသီတွင် မီးလောင်မှု၊ မီးလန့်မှု မဖြစ်ပွားစေရေး ပြည်သူများ မီးဘေးအသိ မီးဘေးသတိရှိနေစေရေး မီးလောင်မှုဖြစ်ပွားပါက ထိရောက်လျင်မြန်စွာ ငြိမ်းသတ်နိုင်ရေးတို့အတွက် တစ်အိမ်တက်ဆင်း မီးသုံးစွဲမှုစစ်ဆေးခြင်း စက်ရုံ၊ အလုပ်ရုံ၊ဈေး၊ စက်သုံးဆီဆိုင် ဂက်စ်အရောင်းဆိုင်များ စားသောက်ဆိုင်များစစ်ဆေးအကြံပြုခြင်း ပြည်သူများ မီးဘေးအသိ မီးဘေးသတိရှိနေစေရေးအတွက် လှည့်လှည်သတိပေးဆော်ဩခြင်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံမြို့ပေါ်သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုကြောင့် အမျိုးသမီး တစ်ဦး သေဆုံးပြီး အဆောက်အအုံတချို့ထိမှန်ပျက်စီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများ မဟုတ်မမှန် ရေးသား ဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၄**

ကရင်ပြည်နယ်ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံမြို့ပေါ်သို့ ဇန်နဝါရီ ၂၃ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုကြောင့် အမျိုးသမီး တစ်ဦး သေဆုံးပြီး အဆောက်အအုံတချို့ ထိမှန်ပျက်စီးခဲ့ကြောင်း မဟုတ်မမှန် သတင်းများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသား ဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် စစ်ရေးပစ်မှတ်မဟုတ်သည့် အရပ်ဘက်ပစ်မှတ်များကို ပစ်ခတ်တိုက်ခိုက်ခြင်းမရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့အား ထောက်ခံအားပေးခြင်းမရှိသည့် နယ်မြေများအား ၎င်းတို့အပေါ် အကြောက်တရားလွှမ်းမိုးစေရန် လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ ဒရုန်းများဖြင့် ဗုံးကြဲခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်မှတစ်ဆင့် သတင်းအမှားများကို လုပ်ကြံရေးသား ဖြန့်ဝေခြင်းဖြစ်ကြောင်း သိရသည်။




သတင်းစဉ်



# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ဇန်နဝါရီ ၂၂ ရက် ညနေ ၅နာရီခွဲက ကျိုင်းတုံမြို့နယ်၊ ဝင်းဘိုကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် အေးကျဆိုသူမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်အတွင်း သိုဝှက်သယ် ဆောင်လာသော စိတ်ကြွရူးသွပ် ဆေးပြား ၃၀၀၀၀နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အေးကျ(၁၉)နှစ်ဆိုသူအား ကျိုင်းတုံမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# တရားမဝင်စက်သုံးဆီ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်နှင့် ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၀ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရေစကြိုမြို့နယ်၊ ဝန်ခုတ်ကျေးရွာ၌ ယာဉ် ၉ စီးပေါ်မှ တရားမဝင် စက်သုံးဆီ ဓာတ်ဆီ ၃၄ ပေပါနှင့် အဆိုပါစက်သုံးဆီများတင်ဆောင်လာသည့် Hiject ယာဉ် ၉စီးတို့ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ မြိုင်မြို့နယ်၊ ရေစကြိုမြို့နယ်နှင့် ပွင့်ဖြူမြို့နယ်တို့၌ လိုင်စင်မဲ့ယာဉ် ၇ စီးနှင့် ဆိုင်ကယ်တစ်စီးတို့ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မြို့သစ်မြို့နယ်၌ တရားမဝင် မီးသွေး ၂ ဒသမ ၂၂၂တန်ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မန္တလေးဘူတာကြီး၌ ရန်ကုန်-မန္တလေးအဆန်ရထား ပါဆယ်(၁) ရထားတွဲပေါ်၌ တရားဝင်စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ငါးမျိုးနှင့် လူသုံးကုန်ပစ္စည်း တစ်မျိုးကိုလည်းကောင်း၊ ကျောက်ဆည်မြို့ မြို့ရှောင်လမ်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီးကိုလည်းကောင်း၊ရန်ကုန်-မန္တလေးအမြန်လမ်း တံခွန်တိုင်အပိုင်းအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုးနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Yutong Bus တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များကို အောင်မြင်အောင်ဆောင်ရွက်ရာတွင် သိသာထိခိုက်နစ်နာမှုများဖြစ်ပေါ်စေနိုင်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှရရှိသည့် အခွန်အခများ၊ တရားဝင် အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များအပေါ် ထိခိုက်နစ်နာမှုများလည်းဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေး သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက် ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀

# သက်ရှိသတ္တဝါတို့အတွက် ပလတ်စတစ်ဆိုးကျိုး အမျိုးမျိုး

၂၄-၁-၂၀၂၅ စာမျက်နှာ(၁၇)မှအဆက်-

ဖော်ပြပါ ပလတ်စတစ်၏ဆိုးမွေများကြောင့် ပလတ်စတစ်အသုံးပြုမှုကို အောက်ပါနည်းစံနစ်များအတိုင်း လျှော့ချ ဖြတ်တောက်ဖို့ လိုပါသည်။

(က) ကြွပ်ကြွပ်အိတ်အသစ် လုံးဝမသုံးစွဲကြတော့ဘဲ လက်ရှိမိမိတို့အိမ်တွင်ရှိနေသည့် ဥပမာ ကြွပ်ကြွပ်အိတ်အဟောင်းကို မပေါက်မပြဲမချင်း ရေဆေးပြီး ထပ်ခါထပ်ခါသုံးစွဲခြင်းဖြင့် ပလတ်စတစ်ပစ္စည်းသုံးစွဲမှုကို မိမိအသိစိတ်ဖြင့် လျှော့ချဖြတ် တောက်ရပါမည်။

(ခ)တစ်ခါသုံးပလတ်စတစ် အိတ်သုံးစွဲမှုကို ငြင်းပယ်ခြင်း၊ စက္ကူအိတ်ကဲ့သို့သော အလွယ်တကူ ဆွေးမြေ့နိုင်သည့် ထုပ်ပိုးပစ္စည်းများကိုသာ အသုံးပြုခြင်းဖြင့် ခလေ့ကောင်းကို ကျင့်ကြံမွေးမြူရပါမည်။

(ဂ) မိမိတို့နှင့် အိမ်နီးချင်းနိုင်ငံဖြစ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံ သည် ၂၀၀၂ ခုနှစ်ကပင် ပလတ်စတစ်အိတ်များကို ပိတ်ပင်သည့် ပထမဆုံးနိုင်ငံဖြစ်ပြီး၊ အိန္ဒိယ နိုင်ငံမှာလည်း ပလတ်စတစ်ပစ္စည်းသုံးစွဲမှုကို တားမြစ်နေပြီဖြစ်သည်။ အလွန်ကောင်းမွန်သော နည်းစနစ်ဖြစ်၍ အတုယူစရာဖြစ်ပေသည်။

(ဃ) ဝမ်းနည်းစရာကောင်းသည်မှာ မြန်မာနိုင်ငံရှိ ဧရာဝတီမြစ်သည် ကမ္ဘာ့အညစ်ညမ်းဆုံးမြစ်(၁၀)



စင်း စာရင်းတွင်ပါဝင်ကြောင်း မြန်မာနိုင်ငံအခြေစိုက် အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ထိန်းသိမ်းရေးအဖွဲ့ (FFI) ၏ ၂၀၂၁ ခုနှစ် စစ်တမ်းအရသိရသည်။ ထို့ကြောင့် ၂၀၂၂ ခုနှစ် ဩဂုတ်လ တတိယပတ်ကစပြီး ဧရာဝတီတိုင်းဒေသကြီး၌ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ် မသုံးစွဲရနေ့အဖြစ် သတ်မှတ်ပြီး မြို့မဈေးများ၌ ဈေးရောင်းဈေးဝယ်ပြည်သူများကို အသိပညာပေး ဆောင်ရွက်လျက်ရှိသည်။ "ကမ္ဘာမြေကျန်းမာဖို့ ပလတ်စတစ်ကို ရှောင်ကြဉ်စို့" ဆောင်ပုဒ်နှင့်အညီ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား အသား၊ ငါးများနှင့် ဟင်းသီးဟင်းရွက်များစသည့် အသုံးအဆောင်ပစ္စည်းများကို ပလတ်စတစ်အိတ်အစား ကြာဖက်၊ အင်ဖက်၊ ငှက်ပျော ရွက်၊ စက္ကူများ၊ ထမင်းချိုင့်၊ လက်ဆွဲခြင်း စသည့်ပစ္စည်းများဖြင့်သာ အစားထိုးသုံးစွဲတတ်ကြစေရန် အသိပညာပေးလျက်ရှိသည်။ ယခုဆိုလျှင် ဧရာဝတီတိုင်းသာမက လှိုင်ဦးရေထူထပ်သော ရှမ်းပြည်နယ်အပါအဝင် အခြားသော ပြည်နယ်နှင့်တိုင်းဒေသကြီး တချို့မှာလည်း ပလတ်စတစ် ထုတ်လုပ်သုံးစွဲမှုလျှော့ချရေး စီမံကိန်များကို အကောင်အထည် ဖော်နေပါပြီ။

အချုပ်ဆိုသော် လူသားတို့၏လုပ်ဆောင်မှုကြောင့် ဖြစ်ပေါ်လာရသည့် ကမ္ဘာလုံးဆိုင်ရာ ပလတ်စတစ်ကပ်ဘေးကို သက်ရှိလူသားတို့ကသာလျှင် ပြန်လည်ကု စားသည့်အနေဖြင့် ပလတ်စတစ်ပစ္စည်း ထုတ်လုပ်သုံးစွဲမှုကို ဖြတ်တောက်ရပါမည်။ ဤကမ္ဘာကို ကယ်တင်ရန် ပလတ်စတစ် ဖြတ်တောက်ရမည့်အချိန်သည် ယနေ့ ယခုအချိန် ဖြစ်ပါသည်။ အနာဂတ်ပုံရိပ်ကို ဖော်ဆောင်ကြမည့် ကလေးများကိုလည်း မူလတန်းအရွယ်ကစပြီး ပလတ်စတစ်သုံးစွဲမှု အန္တရာယ်များကို အသိပညာပေးသင့်ပါသည်။

တစ်ဖက်ကလည်း ပြည်သူတွေစည်းကမ်းတကျ အမှိုက်ပစ်နိုင်အောင် စည်ပင်သာယာမှအမှိုက်ပုံးများကို လုံလုံလောက်လောက်ထားရှိကာ မှန်မှန်အမှိုက်သိမ်းပေးဖို့လိုပါကြောင်း၊ သက်ဆိုင်ရာဌာနများအနေဖြင့် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်းကို ကြပ်မတ်ကာ ဒဏ်ရိုက်သင့်ပါကြောင်း၊ တစ်ဖက်ကလည်း ပလတ်စတစ်အစားထိုးကုန်ပစ္စည်းများ ထုတ်လုပ်ရာမှာ ပတ်ဝန်းကျင်နှင့် သဟဇာတ (Eco Friendly)ဖြစ်စေမည့် ကုန်ကြမ်းအသစ်များ ဖော်ဆောင်ပေးကြမည့် အသေးစား၊ အလတ်စား၊ အကြီးစားလုပ်ငန်းရှင်များကို နိုင်ငံတော်အနေဖြင့် လိုအပ်သောနည်းပညာများနှင့် အခြားပံ့ပိုးမှုများ ပြုကာ အပြည့်အဝအားပေးသင့်ပါကြောင်း အကြံပြု ရေးသားလိုက် ရပါသည်။

စေတနာများစွာ

**တင်ထက်ထက်ဇော်**

# မေတ္တာပန်းတစ်ခက် မွေးပျံ့လျက်သာ

၁၉-၁-၂၀၂၅ စာမျက်နှာ (၁၇)မှ အဆက်-

ရိုးသားသောအတန်းဖော် ကျောင်းသားငယ်များက လက်ဆောင်ပေးခံရ၍ ယမင်းလည်းပျော်သည်။ စက်ရေတွင်းတူးပြီး ရေများကိုပိုက်များဖြင့် သန့်စင်ခန်း၊ လက်ဆေးစင်များအပြင် ရေကြည်ရေသန့်များပါရ၍ သောက်ရေအတွက်လည်း စိတ်မပူရတော့။ ဆရာမလေးကျော့ကျော့နှင့် ဆရာမလေးနှင်းဆီတို့လည်း စိတ်ချမ်းသာကြသည်။ ကျောင်းအုပ်ဆရာမကြီးကား ယမင်းကြောင့် သူ့ဖေဖေ ဦးငွေးဝင်းသိကာ ရေဒါနလုပ်နိုင်ကြောင်းသိ၍ ယမင်းကိုလည်း ကျေးဇူးတင်နေသည်။

"လာမဲ့နှစ်ဒီဇင်ဘာလမှာ စာကြည့်တိုက် ၂ နှစ်ပြည့် အထိမ်းအမှတ်မှာ ကျောင်းကိုကျေးဇူးပြု ကြသူများကို အမှတ်တရဖိတ်ခေါ်ပြီး ဂုဏ်ပြုလက်ဆောင်ပေးရမယ်"

သည်ထဲတွင် တာဝန်သိကျောင်းသူဖြစ်သော ယမင်းလေးလည်းပါလာမည်ဟု သတင်းရနေသည်။ ယမင်းဘာလက်ဆောင်မှမလိုချင်၊ ရန်ကင်းတောင်မူလတန်းရှိ ကျောင်းသား၊ ကျောင်းသူများအားလုံး ရေအဆင်ပြေ၍ ဝမ်းသာနေသည်။

သူမ ဖြတန်းရောက်လျှင် ကျောင်းနှင့်ခွဲခွာပြီး ပုသိမ်ကြီး အထက်တန်းကျောင်းတွင် ကျောင်းသွားတက်ရမည်ဖြစ်၍ ဝမ်းနည်းဝမ်းသာ ဖြစ်နေသည်။

သူမလိုချင်တာက လက်ခုပ်သံများထက် သူမလည်း ကူညီနိုင်ခဲ့သည်ဟူသော စကားသံများပင်ဖြစ်သည်။ အတန်းပိုင်ဆရာမဖြစ်သော ဒေါ်ကျော့ကျော့က သူ့မိဘဖြစ်သူ ဦးငွေးဝင်းကို ချီးမွမ်း၍ ယမင်းမရှက်ဘဲ ပျော်နေသည်။ ဆရာမကြီးပြောဖူးသလို မေတ္တာတရားက အေးချမ်းမှုကိုပေးသလို၊ ကူညီမှုကိုလည်း ပေးတတ်သည်။

ဖြူစင်သောစေတနာကို ပေး တတ်ကြောင်း ယမင်းပို၍နားလည်လာသည်။ ကျောင်းတက်ရတာ ပိုပျော်လာသည်။ မေတ္တာပန်းကား အမြဲမွေးပျံ့နေမည်ဖြစ်ကြောင်း တွေးမိသည်။ ခုတော့ နှစ်အတန်ကြာ ရေအခက်အခဲဖြစ်ခဲ့သော မထင်မရှား မူလတန်းကျောင်းငယ်လေးကား ရေဖူလုံလာ၍ နေ့စဉ် ကျက်သရေ၊ မင်္ဂလာနှင့် ပြည့်စုံနေသည်။

ယမင်းတစ်ယောက်နေ့စဉ် သူ့ဖခင်လှူဒါန်းသော စက်ရေတွင်းလေးကို အဝေးကလှမ်းကြည့်နေတတ်သည်။ ကျောင်းတွင်သုံးရေ၊ သောက်ရေ အဆင်ပြေနေ၍ သူမလည်းဝမ်းသာနေသည်။ ပြီးလျှင် သူတို့လို ရေလိုအပ်သောကျောင်းတွေလည်း အများကြီးရှိနိုင်သေးကြောင်း တွေးမိသည်။ ယမင်းတစ်ယောက် ကျောင်းသွားတိုင်း သူမ၏စိတ်ကလေထဲတွင် လွင့်မျောနေသော ငှက်မွေးတောင်ပမာ ပေ့ါပါးလန်းဆန်းနေသည်။ ပြီးလျှင် သူမ၏ရင်ထဲတွင်လည်း ဆရာမလေးကျော့ကျော့ကို ပြောပြချင်ပေမယ့်၊ ပြောရန်မဝံ့မရဲဖြင့် ရင်ထဲတွင် သိမ်းဆည်းထားပါသည်။

"ဆရာမရယ်၊ ကျောင်းမှာ ရေအဆင်ပြေလို့ ဝမ်းသာပါတယ်။ လူအထင်ကြီးခံရဖို့၊ ထင်ပေါ်ကျော်ကြားဖို့အတွက် ဖေဖေကလှူခဲ့တာမဟုတ်ပါဘူး။ သမီးရင်ထဲကဆန္ဒကို ဖေဖေက ချစ်လွန်းလို့ကူညီခဲ့တာပါ။ ပြီးရင်ဖေဖေက အလှူဒါနပြုဖို့လည်း လက်မနှေးသူတစ်ဦးပါ" ဟု သူမရင်ထဲတွင် အခါခါ ပြောနေမိတော့သည်။

**မင်းလပြည့်(ဟားခါး)**

## ခရမ်းချဉ်သီးများ ဈေးကောင်းရ၍ ထပ်မံစိုက်ပျိုးလာ

**တောင်တွင်းကြီး ဇန်နဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်၌ စပါး၊ နှမ်း၊ မြေပဲ စသည့် ရာသီအလိုက် ကာလတို၊ ကာလရှည် သီးနှံမျိုးစုံကို စိုက်ပျိုးလျက်ရှိရာ ခရမ်းချဉ်သီးများဈေးကောင်းရရှိနေသဖြင့် မိသားစုအပိုဝင်ငွေရရှိရန်အတွက် ကျောင်းကုန်းကျေးရွာနေ တောင်သူဒေါ်ကြည်အေး၏ ယာခင်းအတွင်း၌ ခရမ်းချဉ်ပင်များ ထပ်မံစိုက်ပျိုးထားရှိသည်။

ခရမ်းချဉ်ပျိုးပင်များကို ကိုယ်တိုင် ပျိုးထောင်ထားကြောင်း၊ ခရမ်းချဉ်သီးများကို ကိုယ်တိုင်စိုက်ပျိုးရောင်းချသဖြင့် မီးဖိုဆောင်အသုံးစရိတ်ကိုပါလျှော့ချနိုင်ကြောင်း၊ မိမိတို့အိမ်ခြံဝင်းများအတွင်း၌လည်း တစ်နိုင်တစ်ပိုင်စိုက်ပျိုးနိုင်သည့် သီးနှံဖြစ်ကြောင်း၊ မိမိယာခင်းအတွင်း ခရမ်းချဉ်ပင် ၁၂၀၀ ခန့် စိုက်ပျိုးထားကြောင်း၊ နံနံပင်၊ သခွားမွှေး၊ ငရုတ်၊ ချဉ်ပေါင်ပင်၊ ဖရုံ၊ ကြက်သွန်ဖြူ၊ မုန်ညင်း စိမ်းအစရှိသည့် သီးနှံများကိုပါ စိုက်ပျိုးထားသေးကြောင်း၊ သီးနှံများ အောင်မြင်ဖြစ်ထွန်းမှုရှိစေရေး နေ့စဉ်ယာခင်းအတွင်း ပေါင်းသင်ရှင်းလင်းခြင်း၊ မြေဆွပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ ဈေးနှုန်းမြင့်တက်နေသော်လည်း မဖြစ်မနေအသုံးပြုထားရသဖြင့် ယာသီးနှံများထွက်ရှိသည့်အခါတွင် ဈေးကောင်းကောင်းဖြင့် ရောင်းချနိုင်ရန် မျှော်လင့်နေကြောင်း တောင်သူ ဒေါ်ကြည်အေး၏ ပြောကြားချက်အရ သိရသည်။

(အောက်ပုံ)

**နောင်နောင် (ဗိုဿနိုးမြေ)**

*-*-*-*-*



## ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့မတောင် အခြေခံပညာမူလတန်းကျောင်း ပညာရေးစုံညီပွဲတော်ကျင်းပ




**ကျောက်ပန်းတောင်း ဇန်နဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ မြို့မတောင်ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၃ ရက် နံနက် ၉ နာရီက အဆိုပါ ကျောင်းရှိ စုဝေးခန်းမတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားကို Grade-4 နှင့် Grade-5 ကျောင်းသား၊ ကျောင်းသူလေးများက ကြိုဆိုပါသည် စုံညီပွဲတော်သီချင်းဖြင့် သံပြိုင်သီဆို ဖွင့်လှစ်ပေးကြပြီး မြို့မတောင် မူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းမြင့်က အဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက် မြို့နယ်အဆင့် စာစီစာကုံး ဆုရ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအုပ်ဆရာမကြီးက ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူလေးများ၏ ဦးရွှေရိုး၊ ဒေါ်မိုးအက၊ လက်ပံပွင့်ကောက်အက အစရှိသည့် အကအလှများ တေးသရုပ်ဖော်များဖြင့် ဧည့်ခံဖျော်ဖြေခြင်း၊ ကာယ၊ ဉာဏစွမ်းရည်ဆု၊ အားကစားဆုများနှင့် အနုပညာဆုများကို ဆရာ၊ ဆရာမများနှင့် ကျောင်းအကျိုးတော်ဆောင်များက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြပြီး Grade-2 နှင့် Grade-3 ကျောင်းသား၊ ကျောင်းသူလေးများက မြန်မာ့ကျောင်းသီချင်းကို သံပြိုင်သီဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါပညာရေးစုံညီပွဲတော်သို့ မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန်းဌေးနှင့် ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၂၅၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ) (၄၅၆)**

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု တာဝန်ရှိသူများကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ ဇန်နဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ယမန်နေ့ နံနက်ပိုင်းက မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်းသည် မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးခဲ့သည်။ **(အောက်ပုံ)**

ရှေးဦးစွာ မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် အဖွဲ့သည် မိတ္ထီလာမြို့နယ်၊ မုန်တိုင်အုပ်စု၊ မုန်တိုင်ကျေးရွာ ရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း၊ မုန်တိုင်အုပ်စု၊ ဖလံကျင်းကျေးရွာ ရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ဆိုလာရေသန့်စင်စနစ် တပ်ဆင်ခြင်းလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးကာ ကျေးရွာကော်မတီဝင်များအား မိမိတို့ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား ရေရှည်တည်တံ့စေရန် ကျေးရွာသူ၊ ကျေးရွာသားများမှ ဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်ကြဖို့ လိုအပ်ကြောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများအား အကျိုးရှိစွာ အသုံးပြုသွားကြရန် မှာကြားခဲ့သည်။



မိတ္ထီလာမြို့နယ်၊ မုန်တိုင်အုပ်စု၊ မုန်တိုင်ကျေးရွာ၌ ရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း အလျား ၆၆၀ ပေ၊ အနံ ၁၂ ပေ၊ ထု ၆ လက်မ၊ မုန်တိုင်အုပ်စု၊ ဖလံကျင်းကျေးရွာ၌ ရွာတွင်း ကွန်ကရစ်လမ်း အလျား ၅၂၀ ပေ၊ အနံ ၁၂ ပေ၊ ထု ၆ လက်မ နှင့် ဆိုလာရေသန့်စင်စနစ် တပ်ဆင်ခြင်း တစ်နာရီလျှင် ၁၂၀၀ လီတာနှုန်းဖြင့် လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။**(၄၆၉)**

## အဝတ်အထည်ချုပ်လုပ်မှုသင်တန်းအမှတ်စဉ်(၂) သင်တန်းသားများအား အမှတ်(၂)စက်မှုသင်တန်းကျောင်း(မန္တလေး)တွင် စာတွေ့ လက်တွေ့သင်ကြား

**မန္တလေး ဇန်နဝါရီ ၂၄**

အဝတ်အထည်ချုပ်လုပ်မှု သင်တန်းအမှတ်စဉ်(၂)သင်တန်းကို ဇန်နဝါရီ ၆ ရက်မှစတင်၍ မန္တလေး၊ အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၂)စက်မှုသင်တန်းကျောင်း (မန္တလေး)တွင် သင်ကြားပို့ချပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး အထည်အလိပ်လုပ်ငန်းရှင်များ အသင်းမှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Guangxi Economic and Trade Vocational Institute မှ သင်တန်းနည်းပြများ၊ အမှတ်(၂)စက်မှုသင်တန်းကျောင်း(မန္တလေး)မှ အထည်ချုပ်ကျွမ်းကျင်နည်းပြဆရာများက နိုင်ငံတကာအဆင့်မီ စင်တီမီတာဖြင့် အထည်များချုပ်လုပ်ခြင်း၊ ပုံတိုင်းခြင်း၊ ဒီဇိုင်းရေးဆွဲခြင်းများကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။ **(ယာပုံ) (၀၄၅)**

## မွေးကင်းစကလေးအသက်ကယ်ပြုစုစောင့်ရှောက်ခြင်း (Neonatal Resuscitation)သင်တန်း ဖွင့်လှစ်




**မန္တလေး ဇန်နဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော မွေးကင်းစကလေး အသက်ကယ် ပြုစုစောင့်ရှောက်ခြင်း (Neonatal Resuscitation) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၃ရက် နံနက်ပိုင်းက မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ၅၃ လမ်း၊ ၃၆လမ်းနှင့်၃၇လမ်းကြား ရှိ ဟာဇယ်ဟိုတယ်တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်၊ဆေးတက္ကသိုလ် (မန္တလေး)ကလေးကျန်းမာပညာဌာနမှ ဌာနမှူးနှင့် ဆရာများ၊ ကလေးဆေးရုံ ခုတင်(၅၅၀)နှင့် ခုတင်(၃၀၀)တို့မှ ဆေးရုံအုပ်ကြီးများနှင့် ကလေးအထူးကုဆရာဝန်ကြီးများ၊ သင်တန်းနည်းပြများ၊ ခရိုင်၊မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးများ၊ မိတ္ထီလာ၊ ပျော်ဘွယ်၊ ရမည်းသင်း၊ မလှိုင်နှင့် ကျောက်ပန်းတောင်းမြို့နယ်တို့မှ သားဖွားဆရာမများ တက်ရောက်ကြသည်။

မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာနမှူးက အဖွင့်အမှာစကား ပြောကြားပြီး ဆေးတက္ကသိုလ် (မန္တလေး)ကလေးကျန်းမာပညာ ဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာကျော်မျိုးက သင်တန်းနည်းပြများ ကိုယ်စား မိတ်ဆက်စကား ပြောကြားသည်။ ထို့နောက် သင်တန်းသူများနှင့် အမှတ်တရစုပေါင်းဓာတ်ပုံ ရိုက်ကူးကြသည်။

ယနေ့ကျင်းပသော မွေးကင်းစကလေး အသက်ကယ်ပြုစုစောင့်ရှောက်ခြင်း (Neonatal Resuscitation) ပထမအကြိမ် သင်တန်းကို ဒီဇင်ဘာ ၂၆ ရက်က သင်တန်းသူ ၁၄၇ဦးအား သင်ကြားပို့ချပေးခဲ့ပြီး ယခုသင်တန်းတွင် သင်တန်းသူ ၁၇၀ဦးတို့အား သင်ကြားပို့ချပေးမည်ဖြစ်ကာ အလားတူသင်တန်းများကို သင်တန်းသူ ၁၇၀ ဦးစီဖြင့် နောက်ထပ်နှစ်ကြိမ် ဆက်လက်ဖွင့်လှစ်သွားရန်ရှိကြောင်း၊ မွေးကင်းစကလေးသေနှုန်း လျော့ကျစေရေးနှင့် အရည်အချင်းပြည့်ဝသော သားဖွားဆရာမများ ပေါ်ထွန်းစေရေးအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းကာလနှစ်ရက်ဖြစ်ပြီး ကလေးအထူးကုဆရာဝန်ကြီး ၁၄ဦးက စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (၀၉၃)**




## အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဇန်နဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချမှုအစီအစဉ်ကို ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁ လမ်းနှင့်၇၂လမ်းကြားတွင် ယနေ့ မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးခဲ့သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန၊ ဌာနမှူးဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**



# ပြည်ထောင်စုနေ့အကြို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အလွတ်တန်းဘောလုံး ပြိုင်ပွဲကျင်းပ

**ဟုမ္မလင်း ဇန်နဝါရီ ၂၄**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အလွတ်တန်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဟုမ္မလင်းခရိုင်၊ ဟုမ္မလင်းမြို့နောင်ပကျစ်ရပ်ကွက်ရှိ မြို့မအားကစားကွင်း၌ ဇန်နဝါရီ ၂၃ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။

အဆိုပါ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အလွတ်တန်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ဟုမ္မလင်းတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ဇော်မင်းထွန်း၊ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ပြိုင်ပွဲဝင်ကော်မတီများ၊ ပြိုင်ပွဲဝင်ဘောလုံးအသင်းများနှင့် အားကစားသမားများ၊ ကြည့်ရှုအားပေးသည့် ပရိသတ်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် အားကစားသမားများနှင့် တက်ရောက်လာသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုကြပြီး၊ စစ်ကြောင်းမှူးက ဦးဆောင်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌအား ချီတက်အလေးပြု၍၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ယင်းနောက် ပြိုင်ပွဲဝင် အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုပြီး၊ တာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစားသမားများကို ကွင်းအတွင်းသို့ လိုက်လံ နှုတ်ဆက်ခဲ့ကြသည်။ (အ·ထ·က-၂)မှ ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့တို့က အကအလှများဖြင့်လည်းကောင်း၊ (အ·ထ·က-၁)ကျောင်းသူများက ကဗျာလွတ်အကဖြင့်လည်းကောင်း၊ အသီးသီး ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ဆက်လက်၍ တာဝန်ရှိသူများက ဘင်ခရာအဖွဲ့နှင့်ပန်းဖွားအဖွဲ့၊ ဆိုင်းဘုတ်ကိုင်အဖွဲ့၊ ကဗျာလွတ် အကအဖွဲ့နှင့် ကွင်းအတွင်း တာဝန်ယူဆောင်ရွက်မည့် ကျန်းမာရေးအဖွဲ့တို့အား ဂုဏ်ပြုဆုငွေများ အသီးသီး ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

ဟုမ္မလင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အလွတ်တန်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ ပွဲစဉ်အဖြစ် ဟုမ္မလင်းမြို့နယ်ဌာနဆိုင်ရာအသင်းနှင့် ဟုမ္မလင်းမြို့နယ်အမျိုးသမီးပညာရေးအသင်းတို့ယှဉ်ပြိုင်မည်ဖြစ်ပြီး၊ ပြိုင်ပွဲဝင် ၂၃သင်း၊ ပါဝင်ယှဉ်ပြိုင်သူ ၄၁၄ ဦးဖြင့် ဇန်နဝါရီ ၂၂ရက်မှ ဖေဖော်ဝါရီ ၉ ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

*-*-*-*-*

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ၂၀၂၅ ခုနှစ်၊ (၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲ ကျင်းပမည်

(၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲကို ၇၈ လမ်းနှင့် သိပ္ပံလမ်းထောင့်၊ ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်းနေရာတွင် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁)ရက်နေ့မှ (၁၄)ရက်နေ့ထိ ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲတွင်

(၁) ပန်းအလှပြုပြင်ခြင်းပြိုင်ပွဲ
(၂) ပန်းအလှပင်ပြိုင်ပွဲ
(၃) ရာသီပန်းအလှပင်ပြိုင်ပွဲ
(၄) အရွက်အလှပင်ပြိုင်ပွဲ
(၅) ရွက်လှပင်ပြိုင်ပွဲ
(၆) ပြည်တွင်းသစ်ခွပြိုင်ပွဲ
(၇) ပြည်ပသစ်ခွပြိုင်ပွဲ(ကတ်တလီးယားပြိုင်ပွဲ)
(၈) ပြည်ပသစ်ခွ(စင်ဘီးဒီးယမ်းပြိုင်ပွဲ)
(၉) ပြည်ပသစ်ခွ(ဗန်ဒါပြိုင်ပွဲ)
(၁၀) နှင်းဆီပင်အမျိုးမျိုးပြိုင်ပွဲ
(၁၁) ရှားစောင်းပင်ပြိုင်ပွဲ
(၁၂) သက်ကြီးပုပင်(ဘွန်ဆိုင်း)ပြိုင်ပွဲ
(၁၃) အသီးပါသည့် အလှအပင်ပြိုင်ပွဲ
(၁၄) ဟင်းသီးဟင်းရွက် အရွက်ပြိုင်ပွဲ (ဥပမာ-မုန်ညင်းရွက်)
(၁၅) ဟင်းသီးဟင်းရွက် အထုပ်ပြိုင်ပွဲ (ဥပမာ-ဂေါ်ဖီထုပ်၊ ပန်းမုန်လာထုပ်)
(၁၆) ဟင်းသီးဟင်းရွက် အသီးပါအပင်ပြိုင်ပွဲ (ဥပမာ-ခရမ်း၊ ငရုတ်)
(၁၇) ဟင်းသီးဟင်းရွက် ဥပြိုင်ပွဲ (ဥပမာ-မုန်လာဥ)
(၁၈) သစ်သီးပြိုင်ပွဲ (ဥပမာ-သင်္ဘောသီး၊ ဖရဲသီး)
(၁၉) ဟင်းသီးအသီး အလုံးလိုက်ပြိုင်ပွဲ (ဥပမာ-ဘူးသီး)
(၂၀) သစ်သီးဝလံအခိုင်လိုက်ပြိုင်ပွဲ (ဥပမာ-ငှက်ပျောခိုင်၊ အုန်းသီးခိုင်)
(၂၁) သစ်သီးဝလံဥပြိုင်ပွဲ(ဥပမာ-စိမ်းစားဥ၊ ကန်စွန်းဥ၊ ဝဥ၊ မျောက်ဥ)
(၂၂) ဟင်းသီးအသီးအနံ့အတွဲလိုက်ပြိုင်ပွဲ (ဥပမာ-ခရမ်းချဉ်သီး)
(၂၃) သစ်သီးပုံဖော်အလှဆင်ခြင်းပြိုင်ပွဲ

ပြိုင်ပွဲအမျိုးအစားအားလုံးအတွက် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု(၃)ဆု ချီးမြှင့်မည်ဖြစ်ပါသည်။ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များအား ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်း ကွပ်ကဲရေးရုံးသို့ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၉)ရက်နေ့ ရုံးချိန်အတွင်း ပေးပို့ရမည်။ ပန်းအလှပြုပြင်ခြင်းနှင့် သစ်သီးပုံဖော်အလှဆင်ခြင်း ပြိုင်ပွဲများအတွက် ပြိုင်ပွဲဝင်ပစ္စည်းများကို ဖေဖော်ဝါရီလ(၁၀)ရက်နေ့ (၁၁)နာရီအထိ လက်ခံဆောင်ရွက်ပေးပါမည်။ အသေးစိတ်အချက်အလက်များကို မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန၊ ဖုန်း(၀၉-၉၈၂၁၁၁၁၁၁၊ ၀၉-၂၅၉၀၈၀၇၅၇) တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

# အားကစားအထူးပြု ဘာသာရပ် B.Sc(Sport) ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံ

**မန္တလေး ဇန်နဝါရီ ၂၄**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ရတနာပုံ တက္ကသိုလ်နှင့် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)တို့တွင် တက္ကသိုလ်ဘာသာရပ်များနှင့် အားကစားနည်းများ လေ့ကျင့်သင်ယူနေသော ပထမနှစ်၊ ပထမနှစ်ဂုဏ်ထူးတန်း၊ဒုတိယနှစ်၊ဒုတိယနှစ်ဂုဏ်ထူးတန်း၊တတိယနှစ်၊စတုတ္ထနှစ် အားကစားပညာအထူးပြုဘာသာရပ် B.Sc(Sport) ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံပွဲအခမ်းအနားကို ဇန်နဝါရီ ၂၂ရက် မွန်းလွဲ ၃နာရီက ချမ်းမြသာစည်မြို့နယ်၊ ၇၃လမ်းရှိ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)၊ အုပ်ချုပ်မှုရုံးအပေါ်ထပ် အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်၊ ဒုတိယကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ နည်းပြများနှင့် အားကစားပညာအထူးပြုဘာသာရပ် B.Sc (Sport)ကျောင်းသား၊ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျောင်းအုပ်ကြီးက အမှာစကားနှင့် ဌာနမှူးနှင့် နည်းပြအရာရှိများက လေ့ကျင့်သင်ကြားရေးဆိုင်ရာများကို ပြောကြားခဲ့ပြီး သင်တန်းသား၊သင်တန်းသူများ၏ တင်ပြချက်များကို ကျောင်းအုပ်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (၀၄၅)



# ယခုနှစ် ပဲစင်းငုံသီးနံ့ လှိုင်လှိုင်ပေါ်ချိန် တစ်တင်းကို ငွေကျပ် ၉၀၀၀၀ ကျော်ဖြင့် ရောင်းချရ

**မင်းဘူး ဇန်နဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊မင်းဘူး(စကု)မြို့နယ်၌ ယခုနှစ် ပဲစင်းငုံသီးနံ့ လှိုင်လှိုင်ပေါ်ချိန်တွင် ပဲစင်းငုံတစ်တင်းကို ငွေကျပ် ၉၀၀၀၀ ကျော်ဖြင့် ရောင်းချနေရပြီး အရောင်းအဝယ်သွက်နေကြောင်း မင်းဘူးမြို့ရှိ ပွဲရုံလုပ်ငန်းရှင်များထံမှ သိရသည်။

ဒေသခံတောင်သူအများစုက ပဲစင်းငုံသီးနံ့ကို မိုးဦးရာသီမှစတင်ပြီး မိုးသီးနှံ နှမ်း၊ မြေပဲ၊ နေကြာ၊ ပဲတီစိမ်းစသည့် သီးနှံတို့ဖြင့် သီးညှပ်စိုက်ပျိုးလေ့ရှိကြောင်း၊ ပဲစင်းငုံသီးနှံကို တောင်သူ စိတ်ကြိုက်မျိုးများရွေးချယ်ပြီး မိုးသီးနှံများ စတင်စိုက်ပျိုးချိန် ကဆုန်လနှင့် နယုန်လများတွင် အပင်တန်းခြား၍ သီးညှပ်စိုက်ပျိုးနည်းစနစ်ဖြင့် ကြောင်းဆွဲစိုက်ပျိုးလေ့ရှိကြောင်း၊ ပဲစင်းငုံသီးနှံသည် (စိုက်ပျိုးရေးသွင်းအားစု)မျိုးစေ့ကုန်ကျမှုသက်သာသည့် သီးနှံတစ်မျိုးဖြစ်သော်လည်း မိုးဦးရာသီ စတင်စိုက်ပျိုးချိန်မှစ၍ ခုတ်သိမ်းချိန်အထိ အချိန်အားဖြင့် ရှစ်မှ ကိုးလအထိ ကြာမြင့်ကြောင်း၊ ယခုနှစ် ပဲစင်းငုံ ဈေးကွက်မှာ တစ်တင်းကို ငွေကျပ် ၉၅၀၀၀ နှုန်းဖြင့် ရောင်းချရကာ သီးနှံအထွက်နှုန်း ကောင်းမွန်သည့်အတွက် ပဲစင်းငုံစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း မင်းဘူး(စကု)မြို့နယ် ကျောက်ပယ်ကျေးရွာမှ ပဲစင်းငုံစိုက်တောင်သူတစ်ဦးထံက သိရသည်။

ဇရာဝတီမြစ် အနောက်ဘက်ခြမ်းရှိ ပဲစင်းငုံစိုက်တောင်သူအများစုသည် ခုတ်သိမ်း၊ ခြွေလှေ့ပြီးချိန်တွင် မကွေးမြို့နှင့် မင်းဘူးမြို့ရှိ ပွဲရုံဈေးကွက်များသို့ သွားရောက်တင်ပို့ရောင်းချကြောင်း၊ ယခုလက်ရှိ မင်းဘူးမြို့ ပဲစင်းငုံဈေးကွက်တွင် ပဲစင်းငုံသီးနှံများ လှိုင်လှိုင်ပေါ်ချိန် တစ်တင်းကို ငွေကျပ် ၉၅၀၀၀ နှုန်းဖြင့် ဝယ်ယူရောင်းချနေပြီး အရောင်းအဝယ်ကောင်းမွန်ကာ ယခင်နှစ်က ပဲစင်းငုံတစ်တင်းကို အမြင့်ဆုံးငွေကျပ် ၁၃၀၀၀၀ အထိ ပေါက်ဈေးရှိခဲ့ကြောင်း မင်းဘူးမြို့ ပန်းတောင်းပွဲရုံမှ လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲစဉ်းငုံသီးနှံကို ၄၃၁၉ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်ခဲ့ရာ ယခုအခါ ဧကပေါင်း ၆၀၂၅ ဧကအထိ စိုက်ပျိုးနိုင်ခဲ့သည့်အတွက် လျာထားချက်ထက် ဧကပေါင်း ၁၇၀၀ ကျော် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၅၀၀)

*-*-*-*-*



# အမရပူရနှင့် ကသည်းမျိုးနွယ်များ

**မန္တလေး၊ အမရပူရ၊ အင်းဝ၊ စစ်ကိုင်း၊ ပုဂံတို့တွင် ရှေးမြန်မာမင်းများ စိုးစံခဲ့ကြသည်ဖြစ်ရာ လွန်ခဲ့သော နှစ် ၁၅၀ ကျော်မှ နှစ်ပေါင်းထောင်ချီက မြို့ရိုးဟောင်းများ၊ သာသနိကအဆောက်အအုံများ၊ ယဉ်ကျေးမှုအမွေအနှစ်များကို မြင်တွေ့လေ့လာနိုင်သည်။ မြန်မာတို့၏ ဇာတိသွေးဇာတိမာန်၊ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ စာပေဂီတအနုပညာနှင့် လက်ရာမြောက်သည့် ပန်း ၁၀ မျိုး အတတ်ပညာတို့ကို မြင်တွေ့ခံစားရသည့်အခါ လွန်စွာဂုဏ်ယူဖွယ်ဖြစ်သည်။ သမိုင်းတန်ဖိုးကြီးမားလှသည်ဖြစ်၍ ပျက်စီးမှုမရှိအောင် ကြိုတင်ကာကွယ်မှု၊ အစဉ်အဆက် ရှေးမူမပျက်ထိန်းသိမ်းမှုတို့သည် လွန်စွာအရေးကြီးပါသည်။**

ဒြပ်ရှိ ယဉ်ကျေးမှုနှင့် ဒြပ်မဲ့ယဉ်ကျေးမှုဟူ၍ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ကို ခွဲခြားသတ်မှတ်ထားရာ လူသားမျိုးနွယ်စုတို့၏ ကိုးကွယ်ယုံကြည်မှု၊ ရိုးရာဓလေ့၊ ဝတ်စားဆင်ယင်မှုနှင့် ကျင့်သုံးကြသော ယဉ်ကျေးမှုတို့သည် ဒြပ်မဲ့ ယဉ်ကျေးမှုတွင် ပါဝင်သည်။ စာရေးသူအနေဖြင့် အမရပူရစာပေမိတ်ဆွေများနှင့် တစ်လ၂ ကြိမ်ခန့် တွေ့ဆုံလေ့ရှိပြီး ရောက်တတ်ရာရာ ပြောလေ့ရှိသည်။ တောင်သမန်အင်းဘေးက ရတနာလက်ဖက်ရည်ဆိုင်နှင့် မယ်ဇယ်တန်းက ရှိုင်းသရီး လက်ဖက်ရည်ဆိုင်သည် အမရပူရစာပေသမားများ ဆုံဆည်းရာဖြစ်သည်။

တစ်နေ့သ၌ ကသည်းလူမျိုးများအကြောင်းကို ကဗျာဆရာ လူပြာထက်က သတင်းပေးလာသည်။ အမရပူရတွင် ကသည်းမျိုးနွယ်စုများအကြောင်းနှင့် ကသည်းမျိုးနွယ်ဖြစ်သူ အမရပူရမှ အသက် ၇၈ နှစ်အရွယ် ဦးအေးကြူနှင့် တွေ့ဆုံခွင့်ရအောင် ဖန်တီးပေးလေသည်။ သို့ဖြင့် မယ်ဇယ်တန်းက ရှိုင်းသရီးလက်ဖက်ရည်ဆိုင်တွင် ဆုံဖြစ်ခဲ့ရာက ကသည်းမျိုးနွယ်အကြောင်း သိရှိခွင့်ရခဲ့သည်။ ဦးအေးကြူသည် စာပေကို ချစ်မြတ်နိုးသူ၊ ကဗျာနှင့် ဆောင်းပါးလည်း ရေးသားသည်ဟု သိရသည်။ သူ၏ လမ်းညွှန်မှုဖြင့် မန္တလေးမြို့၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ၈၆ လမ်း၊၂၁လမ်းနှင့် ၂၂ လမ်းကြား ဖွင့်လှစ်ထားသော စာကြည့်တိုက်တွင် ကသည်းလူမျိုးများ၏ ဝတ်စုံနှင့် သမိုင်းကြောင်းအချို့ရှိကြောင်း သိရသဖြင့် သွားရောက်လေ့လာခဲ့ရပြန်သည်။

“ကျွန်တော့်အဘွားက အမရပူရ ပုဏ္ဏားစုမှာနေတယ်။ အဲဒီကနေ အဘိုးနဲ့ ဘယ်လိုအကြောင်းပါလဲတော့ မသိဘူး။ အဖေကို ပေါက်ဖွားတယ်ပေါ့။ များသောအားဖြင့် ကသည်းတွေက အမရပူရမှာ ရှိတယ်။သက်သေအဖြစ်ဆိုရင် အမရပူရမှာ ကသည်းဈေးဆိုတာ ရှိခဲ့ဖူးပါတယ်။ ဦးပိန်တံတားအနောက်တောင်ယွန်းယွန်းမှာ ကသည်းသင်္ချိုင်းလည်းရှိခဲ့တယ်။ အမရပူရမှာတော့ ဂန္ဓာရုံကျောင်းရဲ့အနားမှာ အင်္ကျီတန်းလည်းရှိခဲ့တယ်။ ပုထိုးတော်ကြီးအနီးနားတစ်ဝိုက်မှာ ကသည်းတွေ အနေများခဲ့တယ်။ ကသည်းတွေနဲ့ပတ်သက်လို့ ဆရာတော် ဦးပညာရဲ့ စာအုပ်ထဲမှာပါတယ်။ ရေးသူဘယ်သူဆိုတာ မသိရဘူး။ ကဗျာခေါင်းစဉ်က ‘လိပ်စာဗျည်း’ ပါ။ လိပ်စာဗျည်းဆိုတာ ကသည်းစကားဖြစ်ပြီး ‘အပျိုလေး’လို့ အဓိပ္ပာယ်ရတယ်။ ကသည်းစကားနဲ့ မြန်မာစကားကို ပေါင်းစပ်ရေးသားထားတာပါ”ဟု ဆက်လက်ပြောပြသည်။

မြန်မာ့စာပေတွင် ကသည်းစကားများနှင့် ရောနှောရေးစပ်ထားသော ကဗျာစာပေများလည်း ရှိကြောင်းသိရသည်။ ကသည်းတို့သည် မြန်မာ့ရေမြေတွင် သူ့စာပေနှင့် သူ၊ သူ့ရိုးရာဓလေ့ယဉ်ကျေးမှုများနှင့် သူ၊ အစုအဖွဲ့လိုက် နေထိုင်ရာရပ်ကွက်များသည် အင်းဝ၊ အမရပူရ၊ မန္တလေးတို့တွင် ယနေ့တိုင် မြင်တွေ့နေရသည်။

**သမိုင်းကြောင်း**

မြန်မာနိုင်ငံတွင် အုပ်ချုပ်စိုးစံခဲ့သော ကုန်းဘောင်မင်းအဆက်ဆက်(၁၁)ဆက်တွင် ကုန်းဘောင်ဆက် တည်ထောင်ခဲ့သူမှာ အလောင်းမင်းတရား (ဦးအောင်ဇေယျ)ဖြစ်သည်။ သူ့လက်ထက်တွင် အင်အားကြီးမားခဲ့ရာ မြန်မာနိုင်ငံ၊ အနောက်မြောက်ဘက် မဏိပူရအာသံထိ ကျယ်ပြန့်ခဲ့သည်။ ထိုဒေသသည် ကသည်းလူမျိုးများ မူရင်းဇာတိဖြစ်ပြီး ရှေးမြန်မာမင်းများလက်ထက်က မဏိပူရ၊ အာသံ စသည်ဖြင့် မှတ်တမ်းတင်ကြသည်။ အလောင်းမင်းတရားသည် မြန်မာနှစ် ၁၁၂၀ ပြည့်နှစ်တွင် မဏိပူရ အာသံကို အောင်မြင်ရာ ထိုဒေသမှ လူတန်းစားအလွှာအသီးသီးကို ကုန်းဘောင်ရွှေပြည်သို့ ခေါ်ဆောင်လာခဲ့ရာ ကသည်းလူမျိုးစုများ ပါဝင်သည်ဟု သိရသည်။



သို့ဖြစ်ရာ ကသည်းလူမျိုးများသည် အမရပူရသို့ အလောင်းမင်းတရားလက်ထက်ကတည်းက ရောက်ရှိနေပြီဖြစ်ပြီး ဒုတိယတစ်ဖန် မြန်မာနှစ် ၁၁၄၆ ခုနှစ်တွင် ဘိုးတော်ဘုရား(ဗဒုံမင်း)လက်ထက်၊ သားတော်အိမ်ရှေ့စံအား ရခိုင်ဒေသမှ မဟာမုနိရုပ်ရှင်တော်ကို အမရပူရ(မန္တလေး)သို့ ပင့်ဆောင်စဉ်ကလည်း ကသည်းမျိုးနွယ်စုများ ပါဝင်ရာ အမရပူရတွင် အစုအဖွဲ့လိုက် နေရာချထားကာ လွတ်လပ်စွာကိုးကွယ်ခွင့်လည်း ပြုထားသည်။

ရှေးမြန်မာမင်းတို့သည် ဒေသတစ်ခုကို စစ်အောင်မြင်သိမ်းပိုက်သည့်အခါ အတတ်ပညာရှင်များကိုသော်လည်းကောင်း၊ ယဉ်ကျေးမှုများကိုလည်းကောင်း သယ်ဆောင်လာတတ်ကြသည်။ ထိုသို့ ခေါ်ဆောင်လာသူများအား အစုအဖွဲ့အလိုက် နေရာချထားပေးသည့်အပြင် အချို့ကို ကျွမ်းကျင်ရာလိုက် သစ္စာခံ အမှုထမ်းစေကြောင်း သမိုင်းမှတ်တမ်းများတွင် တွေ့ရသည်။

**ကသည်းမျိုးနွယ်များ**

အမရပူရ၏ ထူးခြားချက်မှာ အမရပူရနေပြည်တော်သမိုင်းတစ်လျှောက် ထီးစိုက်နန်းစံသည့် အချိန်ကာလများတွင် စစ်ရေးအရလည်းကောင်း၊ စီးပွားကုန်သွယ်မှုအရလည်းကောင်း၊ ဘာသာရေးနှင့် ဆက်နွယ်၍လည်းကောင်း၊ မိုင်ပေါင်းများစွာဝေးကွာသော တိုင်းခြားပြည်ခြားမှ လူမျိုးများ ရောက်ရှိလာကြ၍ အဆင့်ဆင့် ဆက်နွယ်မျိုးပွားကာ အေးချမ်းစွာဖြင့် နေထိုင်ခဲ့ကြသည်။

တက္ကသိုလ်ပညာပဒေသာစာစောင်(၁၉၆၆ မတ်လထုတ် အတွဲ(၁)၊ အပိုင်း၁၊ စာ-၂၀၆-၂၀၇)တွင်ပါသော ဒေါ်ကြင်ဌေး၏ ‘အဆင့်ဆင့်ရွှေ့ပြောင်းခဲ့ကြသောမြို့တော်များ’စာတမ်းအရ အာမေနီးယားန်း၊ မဂိုရ်နှင့်မွတ်စလင် စသော နိုင်ငံခြားသားများလည်း နေထိုင်ကြကာ လူမျိုးကွဲများ သီးခြားနေထိုင်ကြောင်း၊ ရပ်ကွက်များခွဲခြား၍ လူမျိုးစုတစ်စုစီအတွက် သီးခြားရပ်ကွက်တစ်ကွက်စီ သတ်မှတ်ပေးကြောင်း၊ အမရပူရ နေပြည်တော် နန်းစိုက်စိုးစံကာလကပင် လူမျိုးရေးခွဲခြားမှုမရှိ လွတ်လပ်စွာ ကူးသန်းရောင်းဝယ်ခွင့်၊ သစ္စာခံယူခွင့်၊ အမှုတော်ထမ်းခွင့်၊ နေထိုင်ခွင့်နှင့် လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။

နိုင်ငံခြားသားများက မြန်မာမင်းများထံ မင်းမှုထမ်းခြင်းနှင့်ပတ်သက်၍ ဆရာညိုမြရေးသားသည့် ‘ကုန်းဘောင်ရှာပုံတော်’၌ အလောင်းမင်းတရား(ဦးအောင်ဇေယျ)သည် မြန်မာနှစ် ၁၁၂၀ ပြည့်နှစ်တွင် မဏိပူရ၊ ကသည်းမြို့ကို အောင်မြင်တော်မူပြီး ၁၁၂၁ ခုနှစ်တွင် ယိုးဒယားသို့ ချီတက်တိုက်ခိုက်ခဲ့ရာ မအောင်မြင်ဘဲ လမ်းခရီး၌နတ်ရွာစံခဲ့သည်။ ၎င်းလက်ထက်တွင် အာမေးနီးယားန်းလူမျိုး အန်တိုနီယိုဆိုသူမှာ (မင်းရဲကောင်းပုံ)ဘွဲ့နှင့် အမှုတော် ထမ်းရွက်ခဲ့သည်ဟု ပါရှိသည်။

‘ကသည်းမျိုးနွယ်က အလောင်းမင်းတရားလက်ထက်ကတည်းက မြန်မာပြည်ထဲ ရောက်ရှိလာကြပြီး မြင်းစီးကျွမ်းကျင်ကြတယ်။ ရက်ကန်းအတတ်ပညာ၊ ရွှေနဲ့ပတ်သက်တဲ့ အတတ်ပညာရှင်၊ ဆေးဆရာ၊လယ်သမားစတဲ့ လူတန်းစားပေါင်းစုံနီးပါး ခေါ်ဆောင်လာပြီး အမရပူရဝန်းကျင်မှာ နေထိုင်ဖို့ နေရာပေးခဲ့တယ် ကသည်းတွေက အများအားဖြင့်မြင်းစီးတပ်သားတွေများတယ်”ဟု ဦးအေးကြူက ပြောသည်။

**ကသည်း(သို့မဟုတ်)ပုဏ္ဏားမျိုးနွယ်**

ဘိုးတော်ဘုရားလက်ထက် အမရပူရ ရွှေမြို့တော်သည် ဗမာ၊ ဟိန္ဒူ၊ တရုတ်၊ မွတ်စလင်၊ ကသည်း၊ ပုဏ္ဏား စသည့် ကိုးကွယ်မှု ခြားနားသော မျိုးနွယ်စုများ အတူတကွ အေးချမ်းစွာ နေထိုင်ကြပြီး စည်ပင်ဝပြောသော မြို့တော်ဖြစ်ခဲ့သည်။ ယနေ့ချိန်ထိ အဆိုပါမျိုးနွယ်စုများ၏ နေထိုင်ရာ ရပ်ကွက်အစုများ၊ ကိုးကွယ်မှုဆိုင်ရာ အဆောက်အအုံများ၊ ယဉ်ကျေးမှုများ၊ ဓလေ့ထုံးစံများကို အမရပူရတွင် လေ့လာနိုင်ပါ၏။

လူမျိုးစုများနှင့်ပတ်သက်ပြီး အမရပူရမြို့နယ် သမိုင်းတွင် ဖော်ပြထားသည်မှာ ပုဏ္ဏားတို့သည် ဗြဟ္မဏအမျိုးနွယ်ဖြစ်၍ မူရင်းဇာတိနယ်မြေမှာ အိန္ဒိယနိုင်ငံဖြစ်ကြောင်း၊ ကသည်းတို့မှာ တတိယအမျိုးနွယ်ဖြစ်၍ ၎င်းတို့၏ မူရင်းဇာတိနယ်မြေမှာ မဏိပူရဖြစ်ကြောင်း ဖော်ပြထားသည်။ ပုဏ္ဏားမျိုးတွင်လည်း အမျိုးမျိုးကွဲပြားသော်လည်း ပြောဆိုသော စကားမှာ ကသည်းစကား၊ စာအားဖြင့် ဘင်္ဂါလီ၊ နာဂါလီစာဖြစ်ကြောင်း ဖော်ပြထားသည်။

‘ကသည်းလူမျိုးတွေက မဏိပူရကနေပါလာတာပါ။ ဘိုးတော်ဘုရား(ဗဒုံမင်း)လက်ထက်မှာ ကသည်းပုဏ္ဏားတွေအပြင် အခြားလူမျိုးခြားတွေလည်းပါတယ်။ ပုဏ္ဏားအဓိပ္ပာယ်က-ပုရောဟိတ်ကစတယ်။ ဗေဒင်ပညာနဲ့ အသက်မွေးဝမ်းကျောင်းပြုတဲ့ ပုရောဟိတ်ကနေ ‘ပုရော-ပုရောဟိတ်’ကနေ ပုဏ္ဏားဆိုပြီး ဖြစ်လာတယ်။ ကသည်းလို့ မပြောကြဘူး။ အလောင်းဘုရားလက်ထက်၊ အင်းဝခေတ် စနေမင်းလက်ထက်မှာ မဏိပူရကနေ မင်းသမီးဆက်သတယ်လို့ သိရတယ်”ဟု ဦးအေးကြူက ရှင်းပြသည်။

**ကသည်း(သို့မဟုတ်)ပုဏ္ဏားမျိုးနွယ်**

ဗြဟ္မဏ(ခေါ်)ပုဏ္ဏားများ မြန်မာနိုင်ငံသို့ ရောက်ရှိလာခြင်းမှာ အိန္ဒိယနိုင်ငံ၊ မွတ်စလင်ဘုရင်အုပ်စိုးခဲ့ချိန်တွင် ဟိန္ဒူဘာသာဝင်ဖြစ်သော ဗြဟ္မပုဏ္ဏားများသည် ဘာသာရေးအခွင့်မသာသဖြင့် အိန္ဒိယနိုင်ငံ၊ အရှေ့မြောက်ဘက် မဏိပူရသို့ ရောက်လာကြသည်။ ထိုမှတစ်ဆင့် အလောင်းဘုရားလက်ထက်မှစ၍ ကုန်းဘောင်မင်းဆက်များ မဏိပူရသို့ စစ်တိုက်၍ အောင်နိုင်သည့်အခါတိုင်း လူတန်းစားပေါင်းစုံကိုလည်းကောင်း၊ အတတ်ပညာရှင်များ အဖြစ်လည်းကောင်း ခေါ်ဆောင်လာခဲ့ကြရာတွင် ဗြဟ္မဏပုဏ္ဏားများသည် ကသည်းများနှင့်အတူ ရောနှောပါလာခဲ့ကြသည်ဟု အမရပူရမြို့နယ် မှတ်တမ်း (၁၉၈၂) တွင်ပါရှိသည်။

(ဆက်လက်ဖော်ပြပါမည်)

ခိုင်ဆက်ဝေ

## အလင်းတန်းကိုယ်ပိုင်အထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ

**မန္တလေး ဇန်နဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းက အလင်းတန်းကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပရာ တာဝန်ရှိသူတစ်ဦးက အဖွင့်အမှာစကား ပြောကြားသည်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက လူငယ်စကားဝိုင်း ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ပြောကြားရာတွင် အခြေခံပညာကျောင်းတွေမှာ ပညာသင်ကြားနေတဲ့ လူငယ်လူရွယ်တွေ ဗလငါးတန်နှင့်ပြည့်စုံစေရန်၊ လူအများရှေ့ ရဲဝံ့စွာ ပြောဆိုတတ်စေရန်၊ အချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်စေရန်၊ ဗဟုသုတများ အပြန်အလှန် ဖလှယ်ခွင့်ရရှိစေရန်၊ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ မိမိနိုင်ငံအတွက် ဦးဆောင်ဦးရွက်ပြုနိုင်သော သားကောင်းရတနာ၊ သမီးကောင်းရတနာများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားခဲ့သည်။



ထို့နောက် လူငယ်စကားဝိုင်းအား ဆက်လက်ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးက ဦးဆောင်ဆွေးနွေးခဲ့ပြီး အလင်းတန်း ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက မိမိနှစ်သက်ရာ ခေါင်းစဉ်များဖြင့် အသီးသီး ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးမှုများအပေါ် ကျောင်းသား၊ ကျောင်းသူများက သိလိုသည်များ မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူက ပြန်လည်ဆွေးနွေး ဖြေကြားပေးခဲ့ပြီးနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော နံရံကပ်စာစောင်နှင့် စာအုပ်စာပေများအား တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများကလည်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၅၆)

## ပြည်ထောင်စုနေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် ပြိုင်ပွဲများ ကျင်းပ

**တပ်ကုန်း ဇန်နဝါရီ ၂၄**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်း၍ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် ကျပန်း၊ ကဗျာရွတ်ပြိုင်ပွဲများကို ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းက အဆိုပါ ဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်က (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခဲ့ပြီးနောက် မြို့နယ်စာအုပ်၊စာစောင်ချစ်မြတ်နိုးသူများအသင်း(Book Club) အဖွဲ့ဥက္ကဋ္ဌ ဦးထွန်းကြည် (မောင်ကြည်မှူ-ပျဥ်းမနား)၊ အဖွဲ့ဝင် စာရေးဆရာမ သင်းသင်းလှိုင် (သင်းသင်းလှိုင်-တပ်ကုန်း)တို့က ပြည်ထောင်စုနေ့နှင့်ပတ်သက်သည့် သိကောင်းစရာများ ဟောပြောခဲ့ပြီး ကျပန်း၊ ပုံပြောပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများအား ဦးစီးအရာရှိ၊ မြို့နယ်စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club)အဖွဲ့ဥက္ကဋ္ဌ ၊ အဖွဲ့ဝင် စာရေးဆရာမတို့က ဆုတံဆိပ်နှင့် ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့သည်။



ပြိုင်ပွဲများအပြီးတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ၊ ရသ စာအုပ်များ၊ ပြည်ထောင်စုနေ့နှင့် ပတ်သက်သည့် အသိပညာပေး နံရံကပ်စာစောင်များအား ကျောင်းသား၊ ကျောင်းသူများ လေ့လာကြည့်ရှုကြကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)




ပတ်စရာ၊ မှတ်စရာ စုံလင်

## ပြည်သာယာဖို့ ဝိုင်းကူစို့

တို့ပြည်သူများ၊ တို့ပြည်သားတို့
တို့များနိုင်ငံ၊ တိုးတက်ရန်ကို
ရည်သန်စိတ်မြတ်၊ သတိကပ်၍
မပြတ်ရှေးရှု၊ ကျိုးပြုလုပ်ငန်း
ပြည့်ဝန်ထမ်းလို့၊ စိတ်ဝမ်းညီတူ
ဝိုင်းဝန်းကူစို့၊ ပြည်သူ့အကျိုး
တိုင်းပြည်ကျိုးကို၊ သယ်ပိုးရည်မှန်း
တူညီလှမ်းလို့၊ ကြိုးပမ်းထမ်းဆောင်ကြပါစို့ ။

မြခြူးအိမ်-ကိုလေး

## ပခုက္ကူတက္ကသိုလ် နှစ်ပတ်လည်နေ့ သုတေသနစာတမ်းဖတ်ပွဲ ကျင်းပ

**ပခုက္ကူ ဇန်နဝါရီ ၂၄**

ပခုက္ကူတက္ကသိုလ် (၂၄)နှစ်ပြည့်နှစ်ပတ်လည်နေ့ သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၃ ရက်က ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပခဲ့သည်။ တက္ကသိုလ်အနုပညာအသင်းဝင်များက အညာရဲ့တမာတက္ကသိုလ်၊ မင်္ဂလာပါသီချင်းများဖြင့် တင်ဆက် ကပြဖျော်ဖြေကြပြီး အခမ်းအနား ဖွင့်လှစ်ခဲ့သည်။

ထို့နောက် ပခုက္ကူခရိုင်ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စွာရဲက အဖွင့်အမှာစကားများ ပြောကြားသည်။ ထို့နောက် တက္ကသိုလ်အနုပညာအသင်းက ထာဝရသစ္စာ၊ ပြည်ထောင်စုအင်အားနှင့် လောကအားမာန် သီချင်းတို့ဖြင့် ကပြဖျော်ဖြေခဲ့ကြသည်။

ထို့နောက် ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ်က သုတေသနစာတမ်းဖတ်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အထူးဖိတ်ကြားထားသည့် အငြိမ်းစား ပညာရှင်နှစ်ဦးက မှတ်သားဖွယ်ရာများ ပြောကြားခဲ့သည်။

ထို့နောက် တက္ကသိုလ် သင်တန်းရေးရာ၊ ဝန်ထမ်းရေးရာနှင့် အနုပညာအသင်းတို့က အလှကမ္ဘာမြေ၊ သကြံန်မိုးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြပြီး နံနက်ပိုင်းအစီအစဉ်များ ပြီးမြောက်ခဲ့သည်။ **(အောက်ပုံ)**

နေ့လယ်ပိုင်းတွင် ဘာသာရပ်ဌာနအသီးသီးက အသုံးချသုတေသနစာတမ်း(၃၇)စောင်ကို အခန်း(၅)ခန်းခွဲ၍ ဖတ်ကြားတင်ပြခဲ့ကြောင်း သိရသည်။ **(၀၄၁)**




## ဆောင်းသီးနှံများနှင့် ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်

**ဥတ္တရသီရိ ဇန်နဝါရီ ၂၄**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဆောင်းသီးနှံများနှင့် ဆီထွက်သီးနှံများ အောင်မြင်စွာစိုက်ပျိုးရေး၊ သီးထပ်စွမ်းအား မြင့်မားရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်း ပြည့်မီစွာထွက်ရှိရေး မြေပြင်ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက မြို့နယ်မြေ၊ မျိုး၊ ပိုးတာဝန်ခံများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကွင်းတာဝန်ခံများသည် မိုးချွေကျေးရွာအုပ်စုအတွင်း ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် လယ်မြေဧက ၁၅ တွင် အစားထိုးပြန်လည်စိုက်ပျိုးထားသော နေကြာစိုက်ခင်းများအား နေကြာသားခွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး မှိုသတ်ဆေး၊ ပိုးသတ်ဆေးနှင့် ရွက်ဖျန်းဆေးများကို တောင်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

*-*-*-*-*

# သတင်းပဒေသာ

## လူငယ်ဆိုင်ရာ အသိပညာပေးဟောပြော

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကျောက်တလုံးကြီးမြို့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသား၊ ကျောင်းသူ လူငယ်များ အသိပညာဗဟုသုတ တိုးပွားစေရန်၊ စာဖတ်ခြင်းအလေ့အကျင့်များရရှိစေရန် ရည်ရွယ်၍ ဇန်နဝါရီ ၂၃ရက် မွန်းလွဲပိုင်းက အ.မ.က ထီပြွန်ကျောင်းတွင် လူငယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲ၊ စာအုပ်စာစောင်ပြပွဲဆောင်ရွက်ရာ ပြန်/ဆက်ဦးစီးမှူး ဒေါ်သန္တာဝင်းက နယ်လှည့်ကွင်းဆင်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားသည်။ပြန်/ဆက်ဝန်ထမ်းများက လူငယ်နှင့် ရည်မှန်းချက် အကြောင်းအရာ၊ လူငယ်များအနေဖြင့် စာတတ်ဖို့သာမက ပညာတတ်ဖို့ပါ ကြိုးစားကြရန်လိုအပ်ကြောင်း၊ လူငယ်နှင့် စာရိတ္တ၊ စာဖတ်ခြင်းမှရရှိသော အကျိုးကျေးဇူးများနှင့် ကလေးအလုပ်သမားဆိုင်ရာ အသိပညာပေး အကြောင်းအရာများကို ဟောပြောခဲ့ရာ ကျောင်းသား၊ ကျောင်းသူများ စိတ်ဝင်တစားလေ့လာမှတ်သားခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကလေးငယ်များအား ကျောင်းတွင်းအာဟာရကျွေးမွေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းခုတ်မြို့၊ အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဇန်နဝါရီလ၊ ပထမအကြိမ် (KG) ကလေးငယ်များအား ကျောင်းတွင်းအာဟာရ ကျွေးမွေးခြင်းကို ဇန်နဝါရီ ၂၃ရက် နံနက် ၁၁ နာရီခွဲက ကျွေးမွေးခဲ့သည်။

အဆိုပါကျွေးမွေးခြင်းတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခိုင်မေဖိုးက အာဟာရရှိသော ကြက်ဥပြုတ်၊ ရွှေဖရုံသီးပေါင်း၊ လိမ္မော်သီး၊ ပဲနှပ်နှင့် ထမင်း စသည့်တို့ကို (KG) ကလေးငယ် စုစုပေါင်း ၂၇ ဦးအား ကျွေးမွေးခဲ့ကြကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## သင်ကြားသင်ယူမှုထိရောက်ရေး အရည်အသွေးမြှင့်ဆွေးနွေး

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် အခြေခံပညာမူလတန်းဆင့် (Grade-5) သင်ကြားသင်ယူမှုထိရောက်ရေး အရည်အသွေးမြှင့်ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက အမှတ်(၅)ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ခန်းမတွင် ကျင်းပရာ ဒုတိယမြို့နယ်ပညာရေးမှူး ဒေါ်လင်းလင်းထိုက်က အမှာစကားပြောကြားပြီး ဆွေးနွေးပွဲဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ Grade-5 သင်ကြားသင်ယူမှုထိရောက်ရေး အရည်အသွေးမြှင့်ဆွေးနွေးပွဲကို နမ့်စန်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၁၂၉ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း (၁)ကျောင်းနှင့် ကိုယ်ပိုင်ကျောင်း (၂)ကျောင်းတို့မှ မူလတန်းကျောင်းအုပ်ကြီးများနှင့် မူလတန်းအဆင့်သင် ဆရာ၊ ဆရာမ စုစုပေါင်း ၃၅၆ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းနည်းပြများက ဇန်နဝါရီ ၂၃ရက်မှ ၂၆ ရက်အထိ ဆွေးနွေးပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုများ ပေးအပ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းခရိုင်၊ တန့်ယန်းမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၏ ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုများ ပေးအပ်ပွဲကို အမှတ်(၉)အခြေခံပညာမူလတန်းလွန်ကျောင်း၌ ယမန်နေ့ နံနက် ၉ နာရီက ကျင်းပရာ ခရိုင်ပညာရေးမှူး ဦးကြည်လွင်က ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုများ ပေးအပ်ပွဲ ကျင်းပရခြင်းအကြောင်းအား ပြောကြားသည်။ ကျောင်းအကျိုးတော်ဆောင် ဦးစိုင်းရွှေအောင်က ကျောင်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူအောင်က ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ယင်းနောက် ထူးချွန်ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများကို ခရိုင်နှင့် မြို့နယ်တို့မှ တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## မဟာမုနိဘုရားကြီးဘက်စုံပြုပြင်ရန်နှင့် မဟာသုဝဏ္ဏပါသာဒကျောင်းတော်တိုင်အမှတ် (၅၆)ရွှေချပူဇော်ရန် ငွေလှူဒါန်း




**မန္တလေး ဇန်နဝါရီ ၂၄**

မန္တလေး၊ မဟာမုနိဘုရားကြီးဘက်စုံပြုပြင်ရန်၊ ရွှေသင်္ကန်းကပ်လှူရန်ငွေများနှင့် ချိတ်ဆွဲရန်ရွှေထည်ပစ္စည်းများ လာရောက်လှူဒါန်းလျက်ရှိသည်။ ဇန်နဝါရီ ၂၃ရက် နံနက်ပိုင်းက မဟာမုနိဘုရားကြီး ဘက်စုံပြုပြင်ရန် မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မျက်ပါးရပ်နေ ဦးဇော်မင်းအောင်+ဒေါ်ခင်စန္ဒာ(အောင်တံခွန် ရွှေဆိုင်၊ ရွှေချလုပ်ငန်း)မိသားစုက ငွေကျပ် ၁၀ သိန်း၊ နေပြည်တော်နေ ဦးစိုးလှမြင့်(ထိုက်သူပန်)က မွေးနေ့အထိမ်းအမှတ် ဘက်စုံပြုပြင်ရန် ငွေကျပ် ၁၀ သိန်းတို့ကိုလည်းကောင်း၊ မဟာသုဝဏ္ဏပါသာဒကျောင်းတော်တိုင်အမှတ်(၅၆)အား ရွှေချကပ်လှူပူဇော်ရန် နောင်ချိုမြို့နယ်၊ ရွှေညောင်ပင်ရွာနေ ဦးစိုင်းတော့နှင့် ဦးအိုက်ဂူးတို့အား ရည်စူး၍ ဒေါ်ခမ်းဝါနှင့် ဒေါ်အေးစိမ်းတို့ကို အမှူးထား၍ သားသမီးမြေးတစ်စုက ငွေကျပ် ၅၅ သိန်းတို့ကို လာရောက်လှူဒါန်းရာဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်း၊အတွင်းရေးမှူး ဦးသန်းဦးနှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

မဟာမုနိဘုရားကြီးသို့ ရွှေသင်္ကန်းကပ်လှူရန်၊ဘက်စုံပြုပြင်ရန်၊ကျောင်းတော်ရွှေချရန်၊ဓာတ်မီးတော်ပူဇော်ရန်၊ ငွေပဒေသာပင်စိုက်ထူရန် အလှူငွေလှူဒါန်းလိုသော အလှူရှင်များအနေဖြင့် KBZ Bank ငွေစာရင်းအမှတ် ၀၈၇၃၀၂၀၆၁၀၀၄၄၉၁၀၁နှင့် UAB ဘဏ်ငွေစာရင်းအမှတ် ၀၁၇၁၃၀၁၀၀၀၁၂၂၅၉နှင့် နိုင်ငံခြား ငွေစာရင်းအမှတ် ၀၁ ၇၀၁၂ ၁၀၀၀ ၀၀၇၅၀နှင့်ဖုန်း- ၀၉-၄၄၄၀၄၄၄၇၅၊ ၀၉-၄၀၂ ၅၉၉၉၁၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ) (ကဆ)

## မြို့မဈေးမိသားစုမှ ဓမ္မသဘင်ပူဇော်ပွဲ ကျင်းပ



**ဆင်ပေါင်ဝဲ ဇန်နဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့ မြို့မဈေးမိသားစုမှ ကြီးမှူးကျင်းပသော သာသနာ့ဗိမာန်တော်ကြီး အတွင်း၌ ဇန်နဝါရီ ၂၃ ရက် ညနေ ၅ နာရီတွင် နိုင်ငံကျော်ဓမ္မကထိက ချင်းတောင်တန်း သာသနာပြုဆရာတော် ဒေါက်တာ ဘဒ္ဒန္တတေဇောသာရ မဟာဓမ္မကထိက ဗဟုဇနဟိတရေ ဓမ္မသဘင်ပူဇော်ပွဲ အဌမအကြိမ် ပထမနေ့ တရားပွဲကျင်းပသည်။

အဆိုပါတရားပွဲသို့ မြို့နယ်ဘုရားငါးဆူစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ဝင်များ၊အလှူရှင်မိသားစုနှင့် တရားချစ်ခင် တရားနာပရိသတ်များ လာရောက် တရားနာယူခဲ့ပြီး ချင်းတောင်တန်း သာသနာပြု ဆရာတော် ဒေါက်တာ ဘဒ္ဒန္တတေဇောသာရ မဟာဓမ္မကထိက ဗဟုဇနဟိတရေသည် တရားတော်များ ဟောကြားခဲ့ပြီး အလှူရှင်မိသားစု ဦးထွန်းတင်+ဒေါ်သိန်းတန်(အောင်ထူးဆန်း) မိသားစု ပထမည တရားပွဲတွင် ဓမ္မပူဇာလှူဒါန်းငွေကျပ် ၂၅သိန်းအား လှူဒါန်းသည်။ ဆရာတော်လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချအမျှဝေခဲ့သည်။

ချင်းတောင်တန်း သာသနာပြုဆရာတော် ဒေါက်တာ ဘဒ္ဒန္တတေဇောသာရ မဟာဓမ္မကထိက ဗဟုဇနဟိတရေ၏ တရားပွဲကို မြို့မဈေးမိသားစုမှ ကြီးမှူးကျင်းပသော သာသနာ့ဗိမာန်တော်ကြီးအတွင်း၌ ဇန်နဝါရီ ၂၃ ရက်မှ ၂၆ ရက်အထိ ၄ ညတိုင်တိုင် ညနေ ၅ နာရီတွင်လည်းကောင်း၊ဆင်ပေါင်ဝဲမြို့နယ် လွန်ချီကျေးရွာနှင့် ရွာသစ်ကျေးရွာတို့တွင် ဇန်နဝါရီ ၂၇ ရက်နှင့် ၂၈ ရက်တို့၌ ဟောကြားသွားမည်ဖြစ်ကြောင်း မြို့နယ်ဂေါပကအဖွဲ့ဝင်များထံမှသိရသည်။

**(အပေါ်ဝဲပုံ)ခန့်ဝင်း(ဆင်ပေါင်ဝဲ)**



## ပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် (၇၆)ကြိမ်မြောက် သွေးလှူဒါန်း

**မန္တလေး ဇန်နဝါရီ ၂၄**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာအနောက်ရပ်ကွက်၊ အကွက်(၅၁၃)၊ အမှတ်(၄၉၁)၊ ၈၄လမ်းနှင့် ၄၁လမ်းထောင့်နေ ဦးမောင်မောင်လှိုင်(မျက်ကြည်လွှာ) အလှူရှင်သည် ဇန်နဝါရီ ၂၂ ရက် မွန်းလွဲပိုင်းက မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၊အမျိုးသားသွေးလှူဘဏ်ခွဲ၌ ပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် ဇီဝိတဒါန (၇၆)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (ကဆ)



မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး-ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ စစ်ကိုင်းမြို့၊ ပန်းပဲတန်းရပ်နေ (ဖခင်) ဦးတင်ဝင်း+ (မိခင်)ဒေါ်နှင်းနွယ်တို့အား ရည်စူး၍ ကျန်ရစ်သူ သား၊သမီး၊မြေး မိသားစုမှ တန်ဖိုးငွေကျပ် ငါးသိန်းကို နေ့ဆွမ်းအတွက် ယမန်နေ့က လှူဒါန်းရာ ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်စဉ်။

(ကဆ)

မျက်စိ လှူကြ မျက်ကြည်ရ၊ မြတ်သည့် လှူဒါန။

# သတိပြုဖွယ် သတင်းနယ်ပယ်(၁၄)

"သတင်းစာဟူသည်မှာ စာပေသက်သက်မဟုတ်ပါ။ သတင်းစာယဉ်ကျေးမှုဟူသည့် အသိဉာဏ်ပညာယဉ်ကျေးမှု ဖြစ်သည်။ သတင်းစာယဉ်ကျေးမှုဟူသည် အတွေးအခေါ်ယဉ်ကျေးမှု ဖြစ်သည်"ဟု ခေတ်ဟောင်းဝါရင့်သတင်းစာဆရာကြီးတစ်ဦးက ပြောခဲ့သည်။ စာပေရေးရာလည်း ပါသည်။ တွေးစရာလည်း ပါသည်။ ဆင်ခြင်ရာလည်းပါသည်။ ရယ်ရွှင်ဖွယ်ရာ သရော်စာကာတွန်းလည်း ပါသည်။ နိုင်ငံတကာရေးရာလည်းပါသည်။ စီးပွားရေး၊ လူမှုရေးရာများလည်း ပါသည်။ ထို့ကြောင့် အသိဉာဏ်ပညာယဉ်ကျေးမှု ဟုဆိုခြင်း ဖြစ်သည်။

ခေတ်တစ်ခေတ်၊ စနစ်တစ်ခု၊ ကာလတစ်ခုကို လေ့လာမည်ဆိုက အများစုသည် သမိုင်းကိုလေ့လာလေ့ရှိသည်။ မှန်ပေသည်။ သမိုင်းကြောင်း ရေးသားသောစာပေအများစုသည် ထိုခေတ်၏စနစ်ကိုရေးလျှင် အုပ်ချုပ်ရေးစနစ်ကိုသာ Point of View အဖြစ် ရေးသားလေ့ရှိသည်ကို တွေ့ရပေမည်။ ပျင်းစရာကောင်းသော သတင်းစာဟောင်းများမှဖွေရှာ၍ လေ့လာကြည့်စေချင်သည်။ ထို Point of View ထုတ်၍ ရေးသားထားသော အုပ်ချုပ်ရေးစနစ်ကာလအုပ်ချုပ်ရေးအယူဝါဒများကိုလည်း တွေ့ရမည်ဖြစ်သည်။ ထိုခေတ်စနစ်၏ ကာလဒေသနောက်ခံဘက်ဂရောင်းနှင့် ထိုခေတ်ကာလပြည်သူများ၏ စီးပွားရေး၊ လူမှုရေးအခြေအနေများကိုမူ ထိုခေတ်စနစ်က ထုတ်ဝေခဲ့သော သတင်းစာများ၊ သတင်းဟောင်းများကိုကြည့်က ကြေးမုံပြင်ပမာ ထင်ရှားစွာ တွေ့မြင်ရသည် ဖြစ်သည်။ "သတင်းစာအသက် တစ်မနက်"ဟုလည်း ဆိုကြသေးသည်၊ သာမန်သတင်းစာဖတ်ရှုသူအတွက်မူ မှန်သော်လည်း သမိုင်းပညာရှင်များ၊ နိုင်ငံရေးသမားများ၊ သုတေသီများအတွက်မူ "သတင်းစာ အသက်သည်ထာဝရ"ဖြစ်သည်။ သမိုင်းပညာရှင်များကလည်း သမိုင်းရေးလျှင် သတင်းစာဟောင်းများကို ကိုးကားရသည်။ နိုင်ငံရေးသမားကလည်း သတင်းစာထဲမှ စည်းရုံးလှုံ့ဆော်သတင်းဟောင်းများ၊ သင်ခန်းစာယူရမည့်အချက်များကို များစွာရရှိကြသဖြင့် သတင်းစာဟောင်းများကို လက်မလွှတ်တတ်ကြပေ။ သုတေသီများကလည်း သတင်းစာဟောင်းများမှ ထိုခေတ်ကာလက စာပေရေးရာအခြေအနေ၊ အခြေခံလူတန်းစားများ၏ နေထိုင်မှုဘဝ၊ နိုင်ငံရေး၊ စစ်ရေး၊ လူမှုရေး၊ နိုင်ငံတကာရေးရာပါမကျန်ရအောင် အသေးစိတ် ခေတ်၏ကြေးမုံပမာ လေ့လာစုဆောင်းနိုင်သည်ကို သိထားရပေမည်။

ခေတ်၏ကြေးမုံဟုဆို၍ ကြေးမုံနှင့်ဆက်စပ်၍ မှတ်သားထားမိသော အကြောင်းအရာရှိခဲ့ဘူးသည်။ သတင်းစာကို ကြည့်မှန်(Mirror)အဖြစ် တင်စားခဲ့ကြသည်။ ဗြိတိန်နိုင်ငံတွင် Daily Mirror ဟူသော သတင်းစာရှိခဲ့သည်။ ၁၉၅၇ ခုနှစ်က သတင်းစာတိုက်ထူထောင်ရာတွင် ဦးသောင်းက ဗြိတိန်သတင်းစာနာမည်ကို အတုယူ၍ ကြေးမုံဟုယူခဲ့သည်။ ထိုအကြောင်းကို "ဗမာ့ခေတ်မှ ကြေးမုံသို့"ဟူသော စာအုပ်တွင် ရေးသားဖော်ပြခဲ့သည်။ ယခင်ခေတ်ကာလသတင်းစာများ၏ နောက်ကျောဖုံး၌ သတင်းထည့်လေ့ထည့်ထမရှိခဲ့၊ နောက်ကျောဖုံးတွင် ကြော်ငြာများသာ ထည့်ကြသည်။ ကျောဖုံးတွင် သတင်းထည့်ခြင်းကို မြန်မာ့သတင်းစာတွင် ကြေးမုံကစခဲ့သည်ဟု တစ်ဆင့်စကား ကြားခဲ့ဘူးသည်။ သတင်းစာတိုက်တစ်တိုက် ထူထောင်ရန်သည်လွယ်ကူသောကိစ္စမဟုတ်၊ အရင်းအနှီးအားဖြင့်လည်း လွန်စွာကြီးမားလှသည်။ နေရာ၊ စက်ပစ္စည်း စသည့်ပြင်ပရုပ်ဝတ္ထုများ ပြည့်စုံရုံဖြင့်လည်း သတင်းစာထုတ်ဝေ၍ မရနိုင်သေး၊ စာစီလုပ်သား၊ ပုံနှိပ်စက်ကျွမ်းကျင်လုပ်သား၊ ကျွမ်းကျင်သတင်းထောက်၊ စာပြင်၊ အယ်ဒီတာ၊ ငွေစာရင်းကိုင်၊ သုတေသန၊ ဖြန့်ချိ၊ နည်းပညာကျွမ်းကျင် (ကွန်ပျူတာ၊ အင်တာနက်) ဝန်ထမ်းများဖြစ်သည့် လူသားအရင်းအမြစ်စုဆောင်းရဦးမည် ဖြစ်သည်။ အဓိကအချက်မှာ လူသားအရင်းအမြစ်စုဆောင်းခြင်းပင် ဖြစ်သည်။ သတင်းစာလုပ်ငန်းဟူသည် ကျောင်းဆရာများကဲ့သို့ နာသုံးနာ ဖြစ်သော ဝါသနာ၊ စေတနာ၊ အနစ်နာ မပါဘဲ ရေရှည်လုပ်ကိုင်၍ မရသောလုပ်ငန်းတစ်ခု ဖြစ်သည်။ နာသုံးနာမပါသော ဝန်ထမ်းသည် သတင်းစာတိုက်တွင် မမြဲတတ်၊ ကာလတိုအတွင်း ပြောင်းရွှေ့သွားလေ့ရှိကြသည်။ ဝါသနာအနစ်နာပါသော်လည်း အရည်အချင်းမရှိသော ဝန်ထမ်းဖြစ်ကလည်း သတင်းစာတိုက်တွင် များစွာအသုံးမတည့်လှ၊ ဝါသနာ၊ စေတနာ၊ အနစ်နာတို့အပြီး သက်ဆိုင်ရာဌာနအလိုက်ကျွမ်းကျင်ရမည့် အတတ်ပညာပါဖို့လိုသေးသည်။ ဖွဲ့ရှိဖို့လည်းလိုသည်။ ထိုအချက်များနှင့်ပြည့်စုံနေလျှင်လည်း သတိထားရန်အချက်ရှိနေသေးသည်။ စေတနာမမှန်သော ပညာရှင်ရှိနေလျှင်လည်း စေတနာမမှန်သော သတင်းစာတိုက်အတွက် အန္တရာယ်များလှသည်။ ဆန့်ကျင်ဘက်အတွေးအခေါ် စေတနာမမှန်သောရည်ရွယ်ချက်များကြောင့် သတင်းစာတိုက် အပျက်ဘက်သို့ ယွန်းတတ်သည်။ ထိုသို့မဖြစ်ရန်အတွက် စီမံအုပ်ချုပ်သူများတွင် တာဝန်အပြည့်ရှိသည်ကို သတိချပ်ရမည် ဖြစ်သည်။

သတင်းစာများက မိမိတို့တာဝန်ဖက်က မကျေပွန်ရင် ဝတ္တရားပျက်ကွက်ပါတယ်။ ဗမာပြည်အခြေအနေအလျောက် ရှေ့သွားရမဲ့ခရီးကအရေးကြီးလို့ ကိုယ့်တာဝန်ကိုယ်ယူပြီး ဆောင်ရွက်စေချင်ပါတယ်။ သတင်းစာများ တာဝန်သိဖို့အရေးကြီးသော အချိန်ဖြစ်ပါတယ်။




သတင်းစာတို့သည် သမိုင်းကိုပြောနေကြသည်။ ခေတ်စနစ်တစ်ခုအကြောင်း တင်ပြနေကြသည်။ ထိုခေတ်ကာလ လူနေမှုပုံစံကို ထင်ဟပ်ပေးနေသည်။ ထိုကာလ၏စာပေရေးရာနှင့် အတွေးအခေါ်အယူအဆတို့ကို မီးမောင်းထိုးပြနေသည်။ ကြေးမုံပြင်ပမာ သမိုင်းအရိပ်တို့ ထင်ဟပ်လျက်ရှိနေသည်။ သတင်းစာကို ဖန်တီးသူတို့၏ အရည်အချင်းနှင့် အစွမ်းအစ ခံယူချက်ကို မူတည်၍ ထိုကြေးမုံပြင်သည် လိုက်ပါပြောင်းလဲတတ်သည်ကိုသတိထားရမည် ဖြစ်သည်။ ကြေးမုံပြင်ကို မတိုက်မချွတ်ဘဲထားလျှင်သော်လည်းကောင်း၊ဖုန်မှုန့်များတင်နေလျှင်သော်လည်းကောင်း၊ အညစ်အကြေးများ ကပ်ငြိနေလျက်သော်လည်းကောင်း၊ အရောင်ပါသော ဇာပုဝါခြုံထားလျှင်သော်လည်းကောင်း ထင်လာသောအရိပ်များမှာ မှုန်ဝါးနေသော၊ မပီပြင်သော၊ မပြတ်သားသော၊ ဇာပုဝါအရောင်လွှမ်းသောပုံရိပ်များသာ မပီဝိုးဝါး မထင်ရှားဖြင့် ဟိုလိုလိုသည်လိုလို ထင်မှတ်မှားနိုင်သည့် ပုံလွှာများသာပေါ်လာနိုင်မည် ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၇ ခုနှစ် ဧပြီလ ၁၈ ရက်တွင် ပြောကြားသော နှစ်သစ်ကူးမိန့်ခွန်း၌ သတင်းစာများအား "သတင်းစာကိုလည်း ပြောလိုက်မယ်၊ ကျုပ်တို့ကိုထောက်ခံချင်ထောက်ခံ၊ အားပေးချင်လည်းအားပေး၊ အတိုက်အခံဝေဖန်ချင်တဲ့ သတင်းစာကလည်းဝေဖန်၊ သဘောအတိုင်းပဲ၊ ဆိတ်လစ့်သတင်းစာလုပ်ချင်လုပ်ကြ၊ သို့သော် အစိုးရကိုအကြည်အညိုပျက်စေချင်တဲ့ စကားမျိုး၊ တိုင်းပြည်ဆူပူလှုပ်ရှားမဲ့စကားမျိုး၊ မဟုတ်မမှန်လိမ်လည်လှည့်ဖြားရေးတဲ့ ဟာမျိုးတွေကို သည်းခံနိုင်မယ်မဟုတ်ဘူးဟု တာဝန်ရှိရှိ ကျင့်ကြံလုပ်ကိုင်ကြရန် သတိပေးခဲ့သည်။

တစ်ချိန်က အာရပ်သမ္မတဖြစ်ခဲ့သူနပ်ဆာက သတင်းစာအတွက် အခြေခံချပေးခဲ့ရာတွင် "သတင်းစာများသည် ရောင်းကုန်ပုံစံမျိုးမဖြစ်ရ"စည်းရုံးလမ်းပြသောပုံစံမျိုးသာ ဖြစ်စေရမည်...သတင်းစာများတွင် ဝေဖန်ခွင့်ရှိသည်။ သတင်းစာများသည် ထိုတာဝန်ကိုမုချ ထမ်းဆောင်ကြရပေလိမ့်မည်" ဟု အီဂျစ်သတင်းစာများအတွက် အခြေခံကိုချပေးခဲ့သည်။ သို့သော်ထိုကျင့်ဝတ်၊ ထိုတာဝန်ကို မထိန်းသိမ်းခဲ့သော၊ သတင်းစာတို့သည် အီဂျစ်တွင် ပေါ်ပေါက်ခဲ့သည်သာ ဖြစ်သည်။ အာရပ်သမ္မတက အကျိုးအမြတ်အတွက် အဓိကမထား၊ စည်းရုံးလမ်းပြသော သတင်းစာမျိုးကို လိုလားခြင်းဖြစ်သည်။ စည်းရုံးလမ်းပြထက်၊ မြှောက်ထိုးပင့်ကော်သတင်းစာများလည်း ပေါ်ပေါက်ခဲ့ဟန်တူပေသည်။

မြန်မာပြည်လွတ်လပ်ရေးမရမီအချိန်က ကြားဖြတ်အစိုးရပြန်ကြားရေးဝန်ကြီး ဒီးဒုတ်ဦးဘချိုက ၁၉၄၇၊ မေလ ၃ရက်တွင် ရန်ကုန်မြို့ ပန်းဆိုးတန်းရှိသတင်းစာအသင်းတိုက်၌ "သတင်းစာလွတ်လပ်ခွင့်နှင့် တာဝန်"အကြောင်း ရှင်းလင်းပြောကြားရာတွင် "သတင်းစာများက မိမိတို့တာဝန်ဖက်က မကျေပွန်ရင်ဝတ္တရားပျက်ကွက်ပါတယ်။ ဗမာပြည်အခြေအနေအလျောက် ရှေ့သွားရမဲ့ခရီးကအရေးကြီးလို့ ကိုယ့်တာဝန်ကိုယ်ယူပြီး ဆောင်ရွက်စေချင်ပါတယ်။ သတင်းစာများတာဝန်သိဖို့ အရေးကြီးသောအချိန် ဖြစ်ပါတယ်" ဟူ၍ ထိုစဉ်က ဆူပူလှုပ်ရှားမှုများကို မြှောက်ထိုးပင့်ကော်ချဲ့ကား၍ရေးခြင်း၊ တာဝန်မဲ့ရေးခြင်းများကို ထောက်ပြပြီး "သတင်းစာတွင်တာဝန်မဲ့မှုကြောင့် အစိုးရက ချုပ်ချယ်လာပြန်ရင်လည်း ကျွန်တော်လဲစိတ်မကောင်း၊ သတင်းစာများလည်း ကောင်းတော့မှာ မဟုတ်ဘူး၊ ဗမာပြည်လွတ်လပ်ရေးရသွားတဲ့ လမ်းစဉ်များ မျက်ခြည်မပြတ်ရအောင် သတင်းစာများကလည်း ထိန်းသိမ်းကြပါ"ဟူ၍ ဆိုခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၇ ခုနှစ် ဧပြီလ ၁၈ ရက်တွင် ပြောကြားသော နှစ်သစ်ကူးမိန့်ခွန်း၌ သတင်းစာများအား "သတင်းစာကိုလည်းပြောလိုက်မယ်၊ ကျုပ်တို့ကိုထောက်ခံချင်ထောက်ခံ၊ အားပေးချင်လည်းအားပေး၊ အတိုက်အခံဝေဖန်ချင်တဲ့ သတင်းစာကလည်းဝေဖန်၊ သဘောအတိုင်းပဲ၊ ဆိတ်လစ့်သတင်းစာလုပ်ချင်လုပ်ကြ၊ သို့သော်အစိုးရကို အကြည်အညိုပျက်စေချင်တဲ့ စကားမျိုး၊ တိုင်းပြည်ဆူပူလှုပ်ရှားမဲ့စကားမျိုး၊ မဟုတ်မမှန် လိမ်လည်လှည့်ဖြား ရေးတဲ့ဟာမျိုးတွေကို သည်းခံနိုင်မယ် မဟုတ်ဘူး" ဟု တာဝန်ရှိရှိ ကျင့်ကြံလုပ်ကိုင်ကြရန် သတိပေးခဲ့သည်။

မည်သို့ပင်ဖြစ်စေကာမူ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် သတင်းစာတွင်လည်း အဓိကတာဝန်ရှိသည်။ ဆရာတို့က ကြိုးစားဆောင်ရွက်ရမည် ဖြစ်သည်။ ဗိုလ်ချုပ်လိုလားသော သတင်းစာ၊ ဗိုလ်ချုပ်ပြောသော ဆိတ်...သတင်းစာမျိုး မဖြစ်စေရန် အတွက်မူ.....။

နိုင်ဗလ



# ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို ဟောပြောပွဲ၊ ကဗျာရွတ်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲ ကျင်းပ

**ပူတာအို ဇန်နဝါရီ ၂၄**

ကချင်ပြည်နယ်၊ ပူတာအိုခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသားလူငယ်များအနေဖြင့် မြန်မာနိုင်ငံ၏ နေ့ထူးနေ့မြတ်များကို အလေးထားတန်ဖိုးထားတတ်စေရန်၊ အသိပညာဗဟုသုတ ကြွယ်ဝလာစေရန်နှင့် နှုတ်မှုစွမ်းရည်များ တိုးတက်လာစေရန် ရည်ရွယ်၍ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို ဟောပြောပွဲ၊ ကဗျာရွတ်ပွဲနှင့်ပုံပြင်ပြောပြိုင်ပွဲကို ဇန်နဝါရီ ၂၃ ရက် နံနက် ၁၀ နာရီက ပူတာအိုခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ ကျင်းပရာ ပြန်/ဆက်ခရိုင်ဦးစီးမှူး ဒေါ်တင်တင်ချိုက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံသမိုင်းအကျဉ်းနှင့် ပြည်ထောင်စုနေ့အကြောင်း သိကောင်းစရာများကို အသိပညာပေးဟောပြောသည်။ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမိုးနိုင်က အမှတ်ပေးစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ပြိုင်ပွဲတွင် အ·လ·က (မြို့မ) ကျောင်းအလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၂၀ ဦးတို့က ပြည်ထောင်စုနေ့အထိမ်းအမှတ်ဆိုင်ရာ ကဗျာများနှင့် ပုံပြင်များကို ပါဝင်ယှဉ်ပြိုင်ကြရာ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရ ကျောင်းသား၊ ကျောင်းသူများအား ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးစီးအရာရှိ နှင့်အ·လ·က(မြို့မ) ကျောင်းအုပ် ဆရာမကြီးဒေါ်ဝဒမ်းခေါင်ခေါ်ဇီတို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အနေဖြင့် ခင်းကျင်းပြသထားသော လူကုန်ကူးမှုနှင့် လူမှောင်ခိုမှု၊ ကလေးအလုပ်သမားပပျောက်ရေး၊ ပြည်ထောင်စုနေ့အကြောင်းသိကောင်းစရာများ၊ မြန်မာ့တပ်မတော်၏ ဖခင်အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းကောက်နုတ်ချက်များနှင့် မြန်မာ့လွတ်လပ်ရေးဖခင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ စသည့် အသိပညာပေးနံရံကပ်များနှင့် စာအုပ်၊ စာစောင်ပြပွဲများကို စိတ်ဝင်တစားကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရွှေမန္တလေးအပြန်လက်ဆောင် ထိုးမုန့်ဈေးကွက်

မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့၊ ရွာအသီးသီးတွင် မိမိတို့၏ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့၊ ရွာတို့၏ဂုဏ်ဆောင်သည့် နာမည်ကျော်ကြားသော ဒေသထွက်ကုန်၊ ဒေသထုတ်ကုန်များစွာ ရှိကြသည်။

နေရာဒေသအသီးသီးမှ နာမည်ကျော်ကြားသော ဒေသထွက်ကုန်များဖြစ်သည့် ချည်ထည်၊ လက်မှုပညာပစ္စည်း၊ စားသောက်ကုန်၊ သယံဇာတတွေလည်းရှိသလို မြန်မာ့ဓလေ့ကိုဖော်ဆောင်သည့် ရိုးရာအစားအစာများစွာ ရှိကြပါသည်။ ထိုကဲ့သို့များစွာရှိသည့်အနက် မန္တလေးတိုင်းဒေသကြီး၏ မန္တလေးထိုးမုန့်သည်လည်း နာမည်ကျော်ကြားသော ဒေသထွက်ကုန်တစ်မျိုး ဖြစ်ပါသည်။ **(အပေါ်ယာပုံ)**



မန္တလေးမြို့သို့ အလည်အပတ်ရောက်ရှိကြသူများ တန်ဖိုးထားဝယ်ယူကြသည့် မန္တလေးထိုးမုန့်သည်လည်း ဒေသထွက်ကုန် လက်ဆောင်တစ်မျိုး ဖြစ်သည်။

စားသုံးသူများသည် ပစ္စည်းအမျိုးအမည်နှင့်အတူ မြို့အမည်များကိုပါ တွဲလျက်မှတ်သားထားတတ်ကြပြီး မန္တလေးနှင့် ထိုးမုန့်သည်လည်းခွဲခြား၍မရသော ဒေသထွက်ကုန်တစ်မျိုး ဖြစ်ပါသည်။ မန္တလေးမြို့တွင်ရှိသော ထိုးမုန့်ဆိုင်များမှာ TW၊ မြင့်မြင့်ခင်၊ တင်တင်အေး၊ ရွှေနှင်းဆီ၊ မမြဝင်း၊ မြတ်ရွှေစင်၊ ဝေဝေချို၊ ကြည်ရတနာ၊ မော်မော်စန်း စသည့် ဆိုင်များစွာ ရှိပါသည်။

ထိုနာမည်ကျော်ကြားသော ထိုးမုန့်ဆိုင်များမှ ရရှိနိုင်သော မုန့်အမျိုးအစားများမှာ စပါယ်ရှယ်အုန်းကြော်ထိုးမုန့်၊ စပါယ်ရှယ်သီးစုံထိုးမုန့်၊ မလိုင်(ရိုးရိုး၊ ရှယ်)ထောပတ်ထိုးမုန့်၊ အထူးစပါယ်ရှယ် သီးစုံမလိုင်ထောပတ်ထိုးမုန့်၊ စပါယ်ရှယ်မလိုင်ဆိမ့်ထိုးမုန့်၊ သီဟိုဠ်ဆိမ့်ထိုးမုန့်၊ သီဟိုဠ်မလိုင်ဆိမ့်ထိုးမုန့်၊ ထန်းလျက်ထိုးမုန့်၊ ချိ(စ်)ထိုးမုန့်များအပြင် ဂျယ်လီပူတင်း၊ ပူတင်းအမျိုးမျိုး၊ ဆနွင်းမကင်းအမျိုးမျိုး၊ ယိုအမျိုးမျိုး၊ လမုန့်အမျိုးမျိုးနှင့် အခြားမုန့်များလည်း ရရှိနိုင်ပါသည်။ ဈေးနှုန်းများအနေဖြင့် ထိုးမုန့် ၂၅ ကျပ်သားတစ်ထုပ်လျှင် ရိုးရိုး၊ ရှယ်အမျိုးအစားအလိုက် ငွေကျပ် ၅၅၀၀မှ ၇၀၀၀ ထိ၊ ပူတင်း၂၅ ကျပ်သား တစ်ထုပ်လျှင် ငွေကျပ် ၇၅၀၀မှ ၁၀၅၀၀ ထိ၊ ဆနွင်းမကင်း၂၅ ကျပ်သားတစ်ထုပ်လျှင် ငွေကျပ် ၇၅၀၀၊ လမုန့် ၁၀ ခုပါ တစ်ဘူးလျှင် ငွေကျပ် ၄၀၀၀ မှ ၉၀၀၀ ဖြင့်ရောင်းချပေးလျက်ရှိပြီး ဈေးကွက်အနေဖြင့် အခြားမြို့များသို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ **ရွှေမန်း**




# မန္တလေးနှင့် ချင်းမိုင်ကို MAI မှ ပြေးဆွဲပေးမည်

Myanmar Airways International (MAI)သည် မန္တလေးမြို့မှ ချင်းမိုင်မြို့သို့ ခရီးစဉ်အသစ်အား စတင်ပြေးဆွဲပေးမည်ဖြစ်ကြောင်း ကြေညာထားရှိသည်။ **(အပေါ်ပုံ)**

ယင်းခရီးစဉ်ကို ဖေဖော်ဝါရီလ ၁၀ ရက်၊ ၂၀၂၅ မှစတင်၍ အပတ်စဉ် တနင်္လာနှင့် သောကြာနေ့တိုင်း တစ်ပတ်လျှင် ၂ ကြိမ် ပြေးဆွဲမည်ဟုလည်း ဆိုသည်။

MAI လေကြောင်းလိုင်းသည် ရန်ကုန်မြို့မှ မန္တလေးအပါအဝင် တာချီလိတ်၊ ကျိုင်းတုံ၊ မြစ်ကြီးနား၊ ပူတာအို၊ ဟုမ္မလင်းနှင့် ကလေးမြို့များသို့ ခရီးစဉ်များကို အပတ်စဉ် ချိတ်ဆက်ပျံသန်းနေကာ ပြည်ပခရီးစဉ်များအနေဖြင့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ သုဝဏ္ဏဘူမိလေဆိပ်နှင့် ဒွန်မောင်းလေဆိပ်သို့ တိုက်ရိုက်ခရီးစဉ်များကို ပုံမှန်အတိုင်း နေ့စဉ်ပျံသန်းပြေးဆွဲလျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**

# တန်ဖိုးမြှင့် စားသောက်ကုန်(Bakery)ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်လှစ် ပို့ချမည်

**မန္တလေး ဇန်နဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှဆန်၊ ပဲ၊ ပြောင်းနှင့် ဂျုံများအား အခြေခံ၍တန်ဖိုးမြှင့်စားသောက်ကုန်များအဖြစ် ကျွမ်းကျင်စွာနှင့်ညီညွတ်စွာ ထုတ်လုပ်တတ်စေရန်၊ ကုန်ထုတ်လုပ်ငန်းများ တိုးပွားလာခြင်းဖြင့် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာစေရန်၊ မိသားစုတစ်နိုင်တစ်ပိုင်လုပ်ငန်းများ လုပ်ကိုင်လာခြင်းဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများထူထောင်၍ မိသားစုဝင်ငွေတိုးစေရန်ရည်ရွယ်၍ သင်တန်းကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလဆန်းတွင် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၈၂လမ်း၊ ၂၅ လမ်းထောင့်တွင် သင်တန်းကြေးအခမဲ့ဖြင့် ဖွင့်လှစ်သင်ကြားသွားမည် ဖြစ်သည်။

သင်တန်းတွင် မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ နည်းပြများနှင့် ကျွမ်းကျင်ပညာရှင်များ ကိုယ်တိုင် Cake&Bakery အမျိုးမျိုးထုတ်လုပ်နည်းများအား သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းပြီးဆုံးသည်နှင့် စီးပွားဖြစ်ထုတ်လုပ်ရောင်းချနိုင်သည်အထိ သင်ကြားပေးမည်ဖြစ်၍ တက်ရောက်လိုသူများ မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဖုန်း၀၂-၄၀၃၉၆၀၉ ဖုန်း ၀၉-၉၅၇၄၈၅၉၀၄သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၀၄၅)**

* – * – * – * – *



တိုက်တာဆင့်ဆင့်၊
မိုးထိမြင့်လည်း
ပန်းနှင့်
သစ်ပင် ၊
မတွေ့မြင်က
ဝန်းကျင်
ခြောက်ခန်း၊
စိတ်ပင်ပန်း၏။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရက ဦးဆောင်ရမည်မှန်ပေသော်လည်း ပြည်သူလူထုတစ်ရပ်လုံး၏ "စုပေါင်းအား" ဖြင့် ဆောင်ရွက်မှသာ ဖွံ့ဖြိုးတိုးတက်မှုသည် ရေရှည်အားကောင်းမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆု ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# အများပြည်သူလူထု ခရီးသွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် သာစည်-ရွှေညောင်ရထားလမ်းပိုင်းအတွင်း အမှတ်(၁၄၁)အဆန်၊ (၁၄၂)အစုန် လူစီးရထားနှင့် အောင်ပန်း-ကလော၊ ကလော-မြင်းဒိုက် Tour Train (RGC)ရထားများ ပြန်လည်ပြေးဆွဲပေးမည်

နေပြည်တော် ဇန်နဝါရီ ၂၄

၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ကြုံတွေ့ခဲ့ရသည့် ရာဂီစူပါတိုင်ဖွန်းမုန်တိုင်း သဘာဝဘေးဒဏ် ရေကြီးရေလျှံမှုကြောင့် ရန်ကုန်-မန္တလေးလမ်းပိုင်း၊ သာစည်-ရွှေညောင်-တောင်ကြီး လမ်းပိုင်းတို့ရှိ အချို့နေရာများတွင် ရထားလမ်း တာပေါင်များ၊ တံတားများ ပျက်စီးခြင်းနှင့် ကြုံတွေ့ခဲ့ရသော်လည်း မြန်မာ့မီးရထားအနေဖြင့် လမ်းပိုင်းအလိုက် ပျက်စီးမှုများကို ဦးစားပေး၍ ပြုပြင်နိုင်ခဲ့သောကြောင့် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၃ ရက်မှစ၍ ရန်ကုန်-မန္တလေး ရထားလမ်း တောက်လျှောက် ပြန်လည်ဖွင့်လှစ်ပြီး လူစီးရထားများနှင့် ကုန်ရထားများကို ပုံမှန်ခရီးစဉ်များအဖြစ် ပြန်လည်ပေးဆွဲပေးနိုင်ခဲ့သည်။

ထို့အတူ သာစည်-ရွှေညောင်လမ်းပိုင်းအတွင်း ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်းပိုင်းအလိုက် ဦးစားပေး ပြုပြင်နိုင်ခဲ့သဖြင့် ဇန်နဝါရီ ၂၈ ရက်တွင် လမ်းပိုင်းအားလုံး ပြန်လည်ဖွင့်လှစ်ပေးနိုင်မည်ဖြစ်၍ သာစည်-ရွှေညောင် လမ်းပိုင်းတွင် ပြေးဆွဲပေးခဲ့သော အမှတ်(၁၄၁)အဆန် သာစည်-ရွှေညောင် လူစီးရထားကို ဇန်နဝါရီ ၃၁ ရက်(သောကြာနေ့)တွင် လည်းကောင်း၊ အမှတ်(၁၄၂) အစုန် ရွှေညောင်-သာစည် လူစီးရထားကို ဖေဖော်ဝါရီ ၃ ရက် (တနင်္လာနေ့)တွင် လည်းကောင်း ပြန်လည်ပြေးဆွဲ ပေးသွားမည်ဖြစ်ပြီး အပတ်စဉ် အမှတ်(၁၄၁)အဆန် သာစည်- ရွှေညောင်ရထားကို သောကြာနှင့် အမှတ်(၁၄၂)အစုန် ရွှေညောင်-သာစည် ရထားကို တနင်္လာနေ့များတွင် ပုံမှန်ပြေးဆွဲပေးသွားမည်ဖြစ်ပြီး အမှတ်(၁၄၁) အဆန်ရထားသည် သာစည်မှ နံနက် ၆ နာရီ ထွက်ခွာ၍ ရွှေညောင်သို့ ညနေ ၅ နာရီတွင် လည်းကောင်း၊ အမှတ်(၁၄၂) အစုန်ရထားသည် ရွှေညောင်မှ နံနက် ၇ နာရီ ထွက်ခွာ၍ သာစည်သို့ ညနေ ၆ နာရီတွင် ရောက်ရှိမည်ဖြစ်သည်။ ခရီးစဉ်အစအဆုံးအတွက် လက်မှတ်ခမှာ ရိုးရိုးတန်း ငွေကျပ် ၉၀၀၀ နှုန်းနှင့် အထက်တန်း လက်မှတ်ခမှာ ငွေကျပ် ၁၂၀၀၀ နှုန်း ဖြစ်သည်။



သာစည်-လှိုင်းတက်ကြား ရထားလမ်းတာပေါင် ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

ထို့ပြင် ပြည်တွင်းမှ ခရီးသွားလာမည့် ပြည်သူများ၊ နိုင်ငံခြားသား ခရီးသွားလာသူများအား ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ရေမြေတောတောင် သဘာဝရှုခင်းများ၊ ဒေသခံပြည်သူများနှင့် ချစ်ကြည်ရင်းနှီးမှုရရှိစေရန်နှင့် ဒေသန္တရဗဟုသုတများ ရရှိစေရန် ရည်ရွယ်၍ အောင်ပန်း-ကလော (အသွား-အပြန်) ခရီးစဉ်နှင့် ကလော-မြင်းဒိုက် (အသွား-အပြန်) ခရီးစဉ်များကို ခရီးသည် ၁၅ ဦး လိုက်ပါစီးနင်းနိုင်သည့် RGC ရထားစင်းလုံးငှား ခရီးစဉ်အဖြစ် ပုဂ္ဂလိက ခရီးသွားလာရေးအဖွဲ့များ၊ မိသားစုများ၊ လေ့လာရေးအဖွဲ့များအနေဖြင့် ခရီးစဉ်တစ်ခုအတွက် (အသွား-အပြန်) ငွေကျပ် ၁၂၀၀၀၀ နှုန်းဖြင့် စိတ်ပါဝင်စားသည့် မည်သူမဆို ဇန်နဝါရီ ၂၄ ရက် မှစတင်၍ ငှားရမ်းစီးနင်းနိုင်မည်ဖြစ်သည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် အများပြည်သူလူထု ရထားဖြင့် ခရီးသွားလာမှုအဆင်ပြေချောမွေ့ စေရေးအတွက် အဓိက ရထားလမ်းပိုင်းများဖြစ်သည့် ရန်ကုန်-မန္တလေးလမ်းပိုင်း၊ ရန်ကုန်-ပြည်လမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင် လမ်းပိုင်းများနှင့် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုန်းလမ်းပိုင်းများတွင်သာမက အခြားလမ်းပိုင်းများဖြစ်သော ပုသိမ်-ဟသ်ာတ-ကြံခင်း လမ်းပိုင်း၊ ပျဉ်းမနား-တောင်တွင်းကြီး လမ်းပိုင်း၊ ရန်ကုန်-ပြည်-ပုဂံလမ်းပိုင်း၊ မြစ်ကြီးနား- မိုးကောင်းလမ်းပိုင်း၊ လက်ပံတန်း-သာရဝေါလမ်းပိုင်း စသည့်လမ်းပိုင်းများတွင် လူစီးရထားခရီးစဉ်များကို စီစဉ်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ခွေးရုပ်-ဆင်တောင်ကြား တောင်ပြိုမြေများကို ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

## ရှောဝတီယူနိုက်တက်ကို အနိုင်ယူကာ နိုင်ပွဲဆက်ခဲ့သည့် ရတနာပုံ

**ရန်ကုန် ဇန်နဝါရီ ၂၄**

ယမန္နေ့ညနေက သုဝဏ္ဏကွင်း၌ ကစားခဲ့သည့် ရတနာပုံအသင်းနှင့် ရှောဝတီယူနိုက်တက်အသင်းတို့ပွဲတွင် ရတနာပုံအသင်းက ၃ ဂိုး၊ ၁ ဂိုးဖြင့် အနိုင်ရခဲ့သည်။

ရတနာပုံအသင်းအတွက် ဂိုးများကို ပွဲချိန် ၄ မိနစ်တွင် စခန့်ချော၊ ပွဲချိန် ၄၁ မိနစ်တွင် ဝါရင့်တိုက်စစ်မှူး ပြည်မိုး၊ ပွဲချိန် ၉၀+၂ မိနစ်တွင် ကြည်စိုးတို့က သွင်းယူပေးခဲ့ပြီး ရှောဝတီယူနိုက်တက်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ပွဲချိန် ၉၀+၃ မိနစ်တွင် ညီညီအောင်က သွင်းယူပေးခဲ့သည်။

ရှောဝတီယူနိုက်တက်အသင်းသည် ပွဲချိန် ၇၈ မိနစ်တွင် ပင်နယ်တီရရှိခဲ့သော်လည်း တိုက်စစ်မှူး ရာဇာအောင်၏ ကန်သွင်းမှုကို ရတနာပုံဂိုးသမား အာကာလင်းမြတ်က ကာကွယ်ပုတ်ထုတ်ခဲ့သည်။

ရတနာပုံအသင်းသည် ရှောဝတီယူနိုက်တက်ကို အနိုင်ရခဲ့သည့်အတွက် ရမှတ် ၂၅ မှတ်ဖြင့် အဆင့် ၆ တွင် ဆက်လက်ရပ်တည်ခဲ့ပြီး ရှောဝတီယူနိုက်တက်အသင်းသည် ရမှတ် ၁၁ မှတ်ဖြင့် အဆင့် ၁၀ တွင် ဆက်လက်ရပ်တည်နေကြောင်း သိရသည်။

(NGB)

